ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (18-7-2005) (၄၆၆၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မင်းကြောင်းချောင်းတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ယာပုံ နှင့် အောက်ပုံ) (သတင်းစဉ်)

ရန်ကုန်–ကျောက်ဖြူ မိုင် ၄၀၀ ရှည် လမ်းမကြီးနှင့် မအီ–ကျောက်ဖြူ အကြားရှိ တံတားကြီး ၁၀ စင်း မကြာမီ အားလုံးအကောင်အထည်ဖော် ပြီးစီးတော့မည်

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တံတားများတည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

ရခိုင်ပြည်နယ် သံတွဲခရိုင် မအီမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်–ကျောက်ဖြူလမ်း၊ မအီ–ကျောက်ဖြူလမ်းအပိုင်းရှိ တံတားများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၁၁)က တာဝန်ယူတည်ဆောက်နေသည့် မင်းကြောင်းချောင်းတံတား ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မင်းကြောင်းချောင်းတံတားသည် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌ တည်ရှိပြီးအရှည် ၂၇၀၄ ဒသမ ၂ ပေရှိ အပေါ်ထည် သံပေါင် သံကူကွန်ကရစ်နှင့် အောက်ထည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ ဖွင့်လှစ်ရန် ပြင်ဆင်နေသည့် တံတားဖြစ်ပြီး ရခိုင်ပြည်နယ်တွင် အရှည်ဆုံးတံတား ဖြစ်ကြောင်းသိရသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော ဝန်ဖိုက်ချောင်းတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ထွတ်က တံတား၏စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ မအီဘက်ခြမ်းရှိ ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု၊ ကျောက်ဖြူဘက်ခြမ်းရှိ ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယန္တရားဖြင့် ဘိုးပိုင်တူးဖော်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈-၇-၂၀၀၅
(တနင်္လာနေ့)

ငြိမ်းချမ်းတည်ငြိမ်မှု ရလဒ်ကောင်းများ ထိန်းသိမ်းမြှင့်တင် စီးပွားဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ဦးတည်ချက် ၁၂ ရပ်အနက် စီးပွားရေးဦးတည်ချက် (၄)ရပ်တွင် **"စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"**ဟူသော ဦးတည်ချက် တစ်ရပ် ထည့်သွင်းချမှတ် ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ သယံဇာတ ပေါများကြွယ်ဝသည့်အလျောက် အဆိုပါ သဘာဝအရင်းအမြစ်များကို လူ့စွမ်းအားအရင်းအမြစ်၊ ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ပါက စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် သီးနှံအထွက်တိုးစေရန် စိုက်စနစ် မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးကောင်းမွန်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးသည် အဓိက လိုအပ်ချက်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က အဆိုပါလိုအပ်ချက်များ ပြည့်စုံရေးအတွက် အစီအမံများ ချမှတ်ဖော်ဆောင်ပေးနေသည်။

နိုင်ငံတော်၏ ဒေသအသီးသီးတွင် အကြားအလပ်မရှိ မျှတစွာဖြစ်ထွန်းစေရန်ရည်ရွယ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော်လျက်ရှိနေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇူလိုင်လ ၁၃ ရက်နေ့က ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့သို့ ရောက်ရှိစဉ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသော အဓိကလိုအပ်ချက်သုံးချက်နှင့် ပြည့်စုံမှသာ မိမိတို့မျှော်မှန်းတည်ဆောက်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

သက်ဆိုင်ရာဒေသအလိုက် အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို စီမံချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိနေသဖြင့် နိုင်ငံတစ်ဝန်းတွင် အေးချမ်းတည်ငြိမ်မှုအခြေအနေကောင်းများ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။

ယင်းသို့ တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းလာနေသည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစီးပွားရေး လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုး အထွက်တိုးရေး ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ဒေသ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် အခြားအမယ်သစ်သီးနှံများကိုလည်း အလေးထား စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။

အထူးသဖြင့် ပြည်တွင်း၊ ပြည်ပတွင် ဈေးကွက်ရှိပြီး ဈေးကောင်းရသည့်ရော်ဘာကို တိုးချဲ့စိုက်ပျိုးရန် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသတွင်း စည်းရုံးခြင်း၊ ပညာပေးခြင်းနှင့် ပံ့ပိုးကူညီမှုပေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ သီးနှံအထွက်နှုန်း တိုးတက်ရေး၊ သီးထပ်စွမ်းအား မြှင့်တင်ရေးကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ထွန်းတည်ရှိနေသည့် ငြိမ်းချမ်းတည်ငြိမ်မှု ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းစိန်မြို့နယ် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၉) အခြေခံပညာ အလယ်တန်း ကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့ တက်ရောက်အားပေး ချီးမြှင့်၍ အလှူငွေများ လက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အိဗာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ရှိန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်နှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

အခွင့်အလမ်းရရှိ

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အင်းစိန်မြို့နယ် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသည် ဤကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ခေတ်မီအဆင့်မြင့်ပညာသင်ယူမှု အခွင့်အလမ်းတစ်ရပ်ရရှိရေး ဆောင်ရွက်နိုင်ခြင်းဖြစ်သဖြင့် မင်္ဂလာရှိသည့်နေ့ တစ်နေ့ဖြစ်ကြောင်း။

ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်းအတွင်း အခြေခံပညာ အထက်တန်းကျောင်း ၁၆၃ ကျောင်း၊ အလယ်တန်းကျောင်း ၂၄၆ ကျောင်း၊ မူလတန်းကျောင်း ၂၂၅၅ ကျောင်းရှိသည့်အနက် အခြေခံပညာအထက်တန်းကျောင်း ၁၆၃ ကျောင်း၊ အလယ်တန်းကျောင်း ၁၂၁ ကျောင်းနှင့် မူလတန်းကျောင်း ၄၄ ကျောင်းတို့၌ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်သင်ယူနေလျက်ရှိပြီဖြစ်ကြောင်း။

တည်ဆောက်

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟူသည့် ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်က အနာဂတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာ၌ အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ကျောင်းသား၊ ကျောင်းသူများ၏ ပညာဉာဏ်ရည် ထက်မြက်မြင့်မားစေရန် အဘက်ဘက်က အားပေးပံ့ပိုး ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာဉာဏ် စွမ်းအားမြင့်မားသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင် အဖွဲ့အစည်းကြီးကို တည်ဆောက်ကြရမှာ ဖြစ်ကြောင်း။

ဝမ်းမြောက်ဂုဏ်ပြု

ယခုကဲ့သို့ ခံ့ညားထည်ဝါသည့် ကျောင်းဆောင်သစ်ကြီး ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများအတွက် အလှူငွေများ လှူဒါန်းကြခြင်းတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် အလှူရှင်များအား ဝမ်းမြောက်ဂုဏ်ပြုပါကြောင်းနှင့် ကျောင်းဆောင်သစ်ကြီးနှင့် စာသင်ခန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခဲ့မှုနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများအတွက် အလှူငွေများ လှူဒါန်းကြခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် စေတနာရှင်အလှူရှင်များက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွက် အလှူငွေများ လှူဒါန်းကြရာ ဦးမိုက်ကယ်ညွန့် - ဒေါ်နန်းထွေးခမ်းညွန့် (တာမွေပလာဇာ) နှင့် ဒေါက်တာအောင်လွင် (မန်နေဂျင်းဒါရိုက်တာ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်) တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးချစ်မွေ-ဒေါ်မြင့်မြင့်ရီ (သပြေညီအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)နှင့် ဦးသန်းရွှေမိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးစိုးမြင့်နှင့်သားများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ဦးတင်အောင် မိသားစု(ဂုဏ်ရည်ဆေးတိုက်)၊ ဒေါက်တာနိုင်အောင်-ဒေါက်တာဒေါ်ခင်ဌေးဝင်း (အဘထ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)၊ ဦးဇော်ဝင်း (အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးအောင်ဆန်း-ဒေါ်မိုးမိုးအောင် (သိန်းစားသောက်ဆိုင်) နှင့် ဒေါ်မျိုးမြင့် (ကျောင်းအုပ်ကြီး၊ သံတမန်ကလေးများကျောင်း) တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၄၂၄၀၀၀၀ ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဦးသန်းအောင်နှင့် ဒုတိယဝန်ကြီးများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အိဗာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အကုန်အကျခံ

ယခုဖွင့်လှစ်သည့် အင်းစိန်မြို့နယ် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး အလျား ၂၄ ပေ၊ အနံပေ ၃၀ ရှိသည့် စာသင်ခန်းလေးခန်းပါရှိသော သွပ်မိုး တစ်ထပ်အုတ်ညှပ် အဆောက်အအုံ ဖြစ်ကာ ပညာရေးဝန်ကြီးဌာနက ငွေကျပ် ၉၃ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။(သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော) ဆရာတော် အမှူးပြုသော သံဃာတော် ၁၈၈ ပါးနှင့် ပင့်သံဃာ ဆရာတော်ကြီးများအား (၃၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် မန္တလေး ပရိယတ္တိ သာသနာ့ဟိတ (သကျသီဟ)၊ ရန်ကုန် စေတိယင်္ဂဏ စာမေးပွဲ သီးခြားစာသင်တန်းအောင် အရှင်နိသာကရာဘိဝံသ၊ ပထမပြန်စာမေးပွဲ အထူးအောင်နှစ်ပါး၊ သာမဏေကျော်ဘွဲ့ရ ငါးပါး၊ ကျောင်းတိုက် စာမေးပွဲအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို ဇူလိုင် ၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ရနာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ်** ထပ်ဆင့်ကြိယာများ (Derivative Verbs) (ဒုတိယနှစ်-အရှေ့တိုင်းပညာ)
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကစံအတွက် လက်သီးတစ်ချက်" (အပိုင်း-၁၄)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစူးစမ်း
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၁၀)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း)၏ ဆပ်ပြာထုတ်လုပ်မှု လုပ်ငန်းများကို စစ်ဆေးစဉ်။ (စက်မှု-၁)

အမှတ်(၁)စက်မှု ဝန်ကြီး ဦးအောင်သောင်း ရမည်းသင်းမြို့နယ်ရှိ စက်ရုံများစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၇နာရီတွင် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရွှေဓါးကျေးရွာအနီးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း) သို့ ရောက်ရှိပြီး ရွှေဝါဆပ်ပြာ၊ ကာဘော်လစ် ဆပ်ပြာနှင့် မွှေးဆပ်ပြာထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) သို့ ရောက်ရှိပြီးစက်ရုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သိုလှောင်ရုံများနှင့် စက်ရုံထုတ် အသင့်ချုပ်ပြီး ဆေးဆိုး ပန်းရိုက် အဝတ်အထည်များ၊ ဆေးဆိုး ပန်းရိုက်ပြီး အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အဆင်ဒီဇိုင်းလှပရေးအတွက် တီထွင်ကြံဆသွားရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းရုံး တိုးချဲ့တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံကာ ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

မှာကြား

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံဆွေးနွေး မှာကြားသည်။ (သတင်းစဉ်)

ပျဉ်းမနားမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၇

ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)၏ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ်အသင်း အမှတ်(၂၆၅) သုံးလွှာ ကျိုက္ကဆံလမ်း တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများကြွရောက်ကြပါရန်နှင့် ဦးအေးလွင် ဖုန်း-၅၄၉၆၉၁၊ ဦးမိုးမြင့် ဖုန်း-၇၀၁၁၄၅ နှင့် ဦးထွန်းအောင်ဇံ ဖုန်း-၂၉၂၀၈၆ တို့ထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

စိန်စည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၇

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်ဩဝါဒခံ စိန်စည် သာသနာ့ရိပ်သာအတွင်း၌ ဝါကပ်တော်မူကြမည့် သံဃာတော် အရှင်သူမြတ်တို့အား ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်းတရားစခန်းပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၈နာရီတွင်ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ ဇူလိုင် ၁၉ရက် မွန်းလွဲ ၂နာရီအရောက် ကြွရောက်ကြရန်နှင့် လှူဒါန်းလိုပါက ရိပ်သာ ဖုန်း-၅၈၁၁၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၏ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း (သာဂရ) သို့ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့ စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသန်းအေးက စက်ရုံအဆောက်အအုံများနှင့် အုပ်ချုပ်မှုအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမျိုးသိန်းက စီမံကိန်းနယ်မြေအတွင်း ကျွန်းပင်နှင့် အခြားသစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက စက်ရုံအဆောက်အအုံများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရေး၊ ကျွန်းပင်များ စနစ်တကျ တိုးချဲ့ စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သံရည်ကျိုအလုပ်ရုံ တည်ဆောက်မှု၊ မြေပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ရုံ အုပ်ချုပ်မှု အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် တိုးချဲ့တည်ဆောက်မည့် စက်ရုံနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၏ ဒုတိယအကြိမ်မြောက် ဝါဆို သင်္ကန်းကပ်လှူပွဲကို စက်ရုံပင်မအဆောက်အအုံတွင် ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင်ကျင်းပရာ ချမ်းမြသာစည်မြို့နယ် မြတဘက်ကျ ဘုန်းကြီးကျောင်းမှ သံဃာတော်များအား စက်ရုံမှူးနှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းကပ်လှူကြသည်။ (ပြန်/ဆက်)

ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီမှ အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပညာရည်ထူးချွန်ဆုရရှိသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးနှစ်ဦးတို့အား ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ပွဲ ဇူလိုင် ၁၀ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ် (၅)ရပ်ကွက်၊ လမ်း(၅၀)ရှိ ဓမ္မာမမက ဓမ္မာရုံ၌ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း (အငြိမ်းစား)က စစ်မှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၅၁) ဆရာစံလမ်း၊ ဗဟန်းနေ ဒေါ်ခင်ခင်တင့်မိသားစုက မိဘနှစ်ပါး အားရည်စူး၍ ငွေကျပ် ၂၀၀၀၀၀ ကို ဒုဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇွန် ၂၈ရက်က သဃ်န်းကျွန်းမြို့နယ် လေးထောင့် ကန်ရပ်ကွက် ငမိုးရိပ်ဂျိုးဖြူ ရေသွယ်ယူခြင်း ရေပိုက်ချမင်္ဂလာအခမ်းအနားကို လေးထောင့်ကန်လမ်းမနှင့် ဝင်လမ်းလေးလမ်းထိပ် လမ်းဆုံ မင်္ဂလာမဏ္ဍပ်ရှေ့၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ မြို့နယ် စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဦးနှင့် တာဝန်ရှိသူများ ရေပိုက်ကို ချပေးကြစဉ်။ (၅၀၆)

ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက်က တောဇခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ ဆက်တိုက် ပထမဆုရရှိသော မောင်ရှင်းသန့်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်က ဂုဏ်ပြုရွှေစင်ဆု ချီးမြှင့်စဉ်။

(ပညာရေး)

ကမ္ဘာ့ လက်ဖက်ထုတ်လုပ်မှု ၂၀၀၄ ခုနှစ်တွင် ၂ ရာခိုင်နှုန်းတိုးတက် စုစုပေါင်းလက်ဖက်တန်ချိန် ၃ ဒသမ ၂ သန်းထွက်ရှိမည်ဟု ခန့်မှန်း

ရောမ ဇူလိုင် ၁၆

ကမ္ဘာ့လက်ဖက်ထုတ်လုပ်မှုသည် ၂၀၀၄ ခုနှစ်တွင် ၂ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး စုစုပေါင်း လက်ဖက် တန်ချိန် ၃ ဒသမ ၂ သန်းထွက်ရှိမည်ဟု ခန့်မှန်းရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ကြာသပတေးနေ့တွင် ပြောကြားကြသည်။

ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ဘာလီတွင် ကျင်းပရန် စီစဉ်ထားသော လက်ဖက်ထုတ်လုပ်ရေးဆိုင်ရာ အစိုးရအဖွဲ့ ညှိနှိုင်းရေးအုပ်စု၏ အစည်းအဝေးအတွက် ရေးသားပြုစုထားသော အစီရင်ခံစာတစ်ရပ်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေးတွင် မျက်မှောက်ကာလ ကမ္ဘာ့လက်ဖက်ဈေးကွက် အခြေအနေကို ပြန်ပြောင်းသုံးသပ်မည်ဖြစ်ပြီး လက်ဖက်ဈေးကွက် အလားအလာနှင့်ပတ်သက်၍ သုံးသပ်လေ့လာကြမည်ဖြစ်သည်။

လက်ဖက်ထုတ်လုပ်မှု မြင့်မားတိုးတက်လာခြင်းသည် တူရကီ၊ တရုတ်၊ ကင်ညာ၊ မာလာဝီ၊ သီရိလင်္ကာနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် လက်ဖက်အထွက်နှုန်း စံချိန်တင်မြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖော်ပြပါနိုင်ငံများတွင် လက်ဖက်ထုတ်လုပ်မှု မြင့်တက်လာခြင်းဖြင့် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် လက်ဖက်ထုတ်လုပ်မှု ကျဆင်းသွားမှုကို ထေမိနိုင်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ရေးသားထားသည်။

တရုတ်နိုင်ငံတွင် လက်ဖက်ထုတ်လုပ်မှုမြှင့်တင်နိုင်မည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ရာ ယင်းနိုင်ငံ၏ လက်ဖက်ထုတ်လုပ်မှုသည် ၂၀၀၄ ခုနှစ်တွင် တန်ချိန် ၈၀၀၀၀၀ အထိ စံချိန်တင်မြင့်တက်လာခဲ့သည်။ လက်ဖက်ထုတ်လုပ်မှု မြင့်တက်လာသည်နှင့်အမျှ လက်ဖက်ဈေးကွက်မှာလည်း ပိုမိုကြီးမားကျယ်ပြန့်လာသည်။

သီရိလင်္ကာနိုင်ငံ၏ လက်ဖက်ထုတ်လုပ်မှုမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာပြီး ၂၀၀၄ ခုနှစ်တွင် တန်ချိန် ၃၀၉၀၀၀ ရှိသည်။ ၁ ဒသမ ၂ ရာခိုင်နှုန်း လက်ဖက်ထုတ်လုပ်မှုတိုးတက်လာသည့် အင်ဒိုနီးရှားနိုင်ငံ၏ လက်ဖက်ထုတ်လုပ်မှုမှာမူ ၂၀၀၄ ခုနှစ်တွင် တန်ချိန် ၁၇၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ တူရကီနိုင်ငံတွင်လည်း ၂၀၀၄ ခုနှစ်တွင် လက်ဖက်ထုတ်လုပ်မှုကို သိသိသာသာ မြှင့်တင်နိုင်ခဲ့သည်။ တူရကီနိုင်ငံသည် လက်ဖက်ထုတ်လုပ်မှု ၃၂ ရာခိုင်နှုန်းမြှင့်တင်နိုင်ခဲ့ပြီး စုစုပေါင်း တန်ချိန် ၂၀၅၅၀၀ ခန့်အထိ ထုတ်လုပ်နိုင်ခဲ့သည်။ တူရကီနိုင်ငံ၏ လက်ဖက်ထုတ်လုပ်မှု မြင့်တက်လာရခြင်း အကြောင်းရင်းမှာ အထွက်နှုန်းတိုးအောင် လုပ်ဆောင်နိုင်ခြင်းကြောင့်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ရှိ လက်ဖက်စိုက်ခင်းတစ်ခုအတွင်း လက်ဖက်ခူးနေသော အလုပ်သမတစ်ဦးကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်ပမှရေနံစည် ၂၄ သန်း အင်ဒိုနီးရှား တင်သွင်းမည်

ဂျကာတာ ဇူလိုင် ၁၆

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းလောင်စာဆီပြတ်လပ်မှုကို ဖြေရှင်းရန် ရေနံစည် ၂၄ သန်းကို ပြည်ပမှတင်သွင်းမည်ဖြစ်ကြောင်း နိုင်ငံပိုင် ပါတာမီနာ ရေနံကုမ္ပဏီက အင်္ဂါနေ့တွင်ကြေညာသည်။ ပြည်ပမှတင်သွင်းရမည့် ရေနံပမာဏတွင် လောင်စာဆီ စည်ပေါင်း ၁၆ သန်းနှင့် ရေနံစိမ်းစည်ပေါင်း ရှစ်သန်းပါဝင်မည်ဖြစ်ကြောင်း ပါတာမီနာဥက္ကဋ္ဌ ဝိဒယာပူနာမားက ပြောကြားသည်။

ပြည်ပမှ ရေနံတင်သွင်းရေးကို အတည်ပြုထားပြီးဖြစ်၍ ဇူလိုင်တတိယပတ် သို့မဟုတ် ဇူလိုင်လကုန်တွင် လောင်စာဆီအခြေအနေမှာ ပုံမှန်အဆင့်သို့ ပြန်လည်ရောက်ရှိလာမည်ဟု မျှော်လင့်ထားကြောင်း ၎င်း၏ပြောကြားချက်ကို ကိုးကားလျက်ဒီတစ်ကွန်သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လန်ဒန်ဗုံးဖောက်ခွဲမှုကိစ္စအတွက် အပြစ်ဖို့ရန်ရှိလျှင် ဗြိတိန်နှင့် အမေရိကန်တို့ကိုသာ အပြစ်တင်ရမည်ဟုဆို

တီဟီရန် ဇူလိုင် ၁၆

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် ဗြိတိသျှတပ်ဖွဲ့များ ရောက်ရှိနေခြင်းနှင့်ပတ်သက်၍ ဗြိတိန် ပြည်သူများ၏ ထောက်ခံအားပေးမှုလျော့ပါးလာသည်ကို ပြန်လည်လှုံ့ဆော်နိုင်ရန်အတွက် ဗြိတိန်အစိုးရက လန်ဒန်ဗုံးခွဲမှုများကို ဖန်တီးခြင်းဖြစ်နိုင်သည်ဟု ထင်ရှားသော အီရန်ဘာသာရေးခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

မကြာမီက ဖြစ်ပွားခဲ့သော လန်ဒန်ဗုံးခွဲမှုများတွင် ဗြိတိန် မွတ်စလင်လူငယ်လေးဦးက မြေအောက်ဘူတာသုံးနေရာနှင့် ဘတ်စ်ကားတစ်စီးတို့ပေါ်တွင် သီးခြားစီ ပြုလုပ်ခဲ့ကြသည်ဟုဆိုသည်။ ထိုဖြစ်ရပ်ကြောင့် ၅၄ ဦး သေဆုံးခဲ့ရပြီး လူရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြသည်။

အီရန်နိုင်ငံ စောင့်ရှောက်ရေးကောင်စီအဖွဲ့ ဥပဒေပြုအဖွဲ့၏ အကြီးအကဲ ဘာသာရေး ခေါင်းဆောင် အယာတိုလာအာမက်ဂျာနာတီက လန်ဒန်မြို့ ဗုံးခွဲမှုကိစ္စနှင့် ပတ်သက်လာလျှင် ဗြိတိသျှတို့သည် ကိုယ့်ကိုယ်ကိုသာပြန်၍ အပြစ်တင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖြစ်နိုင်သော အဓိကတရားခံလက်သည်မှာ အယ်လ်ကေဒါအဖွဲ့ဖြစ်နိုင်သည်။ အမှန်စင်စစ် အယ်လ်ကေဒါ အကြမ်းဖက်သူများမှာ ဘုရှ်နှင့် ဘလဲတို့သာဖြစ်သည်။ ၎င်းတို့သည်သာ ထိုအဖွဲ့ပေါ်ပေါက်လာစေရန် မွေးဖွားပေးခဲ့ကြသူများဖြစ်သည်ဟု အယာတိုလာအာမက်ဂျာနာတီက ပြောကြားသည်။

အစ္စလာမ် တိုက်ခိုက်ရေးသမားများ ပေါ်ပေါက်လာရခြင်းကိစ္စတွင် ဘလဲယားနှင့် အမေရိကန်သမ္မတဘုရှ်တို့သာ တရားခံ အစစ်အမှန်များ ဖြစ်ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လန်ဒန်ဗုံးခွဲမှုကိစ္စတွင် အခြားဖြစ်နိုင်ခြေရှိသော တရားခံမှာ ဗြိတိသျှအစိုးရကိုယ်တိုင်ပင်ဖြစ်သည်။ ထိုသို့လုပ်ခြင်း ဖြင့် ဗြိတိသျှအစိုးရအတွက် အကျိုးရှိစေမည်ဖြစ်သည်။ ထိုအချက်ကို ထောက်ပြခြင်းအားဖြင့် အာဖဂန်နှင့် အီရတ်တွင် ကန်နှင့် ဗြိတိသျှတပ်ဖွဲ့များရှိနေခြင်းသည် တရားသည်ဟူသောအချက်ကို ပြောကြားနိုင်ရန် လန်ဒန်ဗုံးခွဲမှုကို ဖော်ပြ၍ အကြောင်းပြနိုင်သည်ဟု ဆိုသည်။

အကယ်၍ ပြည်သူများအနေဖြင့် အကြမ်းဖက်မှုကို တိုက်ခိုက်နှိမ်နင်းခြင်းမပြုပါက အကြမ်းဖက်မှုက သင်တို့ကို ဝါးမျိုလိမ့်မည်ဟု ခြိမ်းခြောက်စရာ အကွက်ကောင်းအဖြစ် လန်ဒန်ဖြစ်ရပ်က ထောက်ပြစရာ အချက်ကောင်းရရှိသွားစေမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် ဗုံးခွဲတိုက်ခိုက် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၆

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဂျာလိုလာဒေသတွင် ဗုံးဖောက်ခွဲသူတစ်ဦးက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သားနှစ်ဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အင်္ဂါနေ့ညတွင် ဂျာလိုလာဒေသ ဗလီအပြင်ဘက်တွင် ဗုံးခွဲသူက ဗုံးဖောက်ခွဲရာ ဝတ်ပြုနေသူ နှစ်ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဒါရာလာပြည်နယ်ရှိ အမေရိကန်-အီရတ် ပူးပေါင်းရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဆွန်နီမွတ်စလင် ဗလီအပြင်ဘက်တွင် အဆိုပါဗုံးဖောက်ခွဲခဲ့ပြီး မည်သူမည်ဝါကို ဦးတည်တိုက်ခိုက်သည်ကို ရှင်းလင်းစွာ မသိရှိရကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောဆိုခဲ့သည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၃၀ အကွာရှိ ဂျာလိုလာဒေသသည် ရှီယိုက်နှင့်ဆွန်နီတို့ ရောနှောနေထိုင်ရာ ဒေသဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂွါတီမာလာတွင် မိုးသည်းထန်ပြီး မြေပြိုမှုဖြစ်ပွား ၄၄ ဦး အသက်ဆုံးရှုံးပြီး နေအိမ်များပျက်စီး

မက္ကဆီကိုစီးတီး ဇူလိုင် ၁၆

မေလမှစ၍ ယနေ့အချိန်အထိကာလအတွင်း ဂွါတီမာလာနိုင်ငံ အနောက်ပိုင်းနှင့်တောင်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုများဖြစ်ပွားခဲ့သည်။ ထိုအတွက်ကြောင့် လူ ၄၄ ဦး အသက်သေဆုံးခဲ့ရပြီး အိုးအိမ်နှင့် ပစ္စည်းဥစ္စာအမြောက်အမြား ဆုံးရှုံးခဲ့ရကြောင်း တာဝန်ရှိသူများထံမှလာသောသတင်းအရသိရသည်။ ကြေကွဲစရာအကောင်းဆုံးအဖြစ်အပျက်မှာ ဇွန် ၁၅ ရက်တွင် ဖြစ်ပွားခဲ့သည်။ ထိုနေ့က အာလ်တာဗီရာပါဇ်ဒေသ စန်အန်တိုနီယိုစီနာဟူအရပ်တွင် မြေပြိုမှုကြီးပေါ်ပေါက်ခဲ့သည်။ ယင်းအဖြစ်အပျက်ကြောင့် နေအိမ်အများအပြားပျက်စီးကာ လူ ၂၂ ဦး သေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြသည်။

နောက်အဖြစ်အပျက်တစ်ခုမှာ ကာရေဘီယံဒေသ အီဇာဘယ်လ်အရပ်ဆက်ဆန်ကျေးရွာတွင် ဖြစ်ပွားသော မိုးကြိုးပစ်မှုပင်ဖြစ်သည်။ ယင်းအဖြစ်အပျက်ကြောင့် ကျေးရွာဘောလုံးကွင်းအတွင်း ကစားနေကြသော လူငယ်ငါးဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။ အခြားအဖြစ်အပျက်တစ်ခုမှာ ဇူလိုင် ၁၁ ရက် တနင်္လာနေ့က ဖြစ်ပွားခဲ့သော အဖြစ်ဆိုးပင် ဖြစ်သည်။ မိုးပြင်းထန်စွာရွာသွန်းသဖြင့် ဂွါတီမာလာမြို့တော် မြောက်ဘက် မြို့ပြင်ရပ်ကွက်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရသည့်အတွက် ကလေးငယ်လေးဦး အပါအဝင် လူခြောက်ဦး အသက်ဆုံးရှုံးခဲ့ရပြန်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မီးလောင်နေသော အဆောက်အအုံများအနီးတွင် လုံခြုံရေးဆောင်ရွက်နေသောကန်တပ်ဖွဲ့ဝင် တစ်စုကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် သေနတ်ပစ်မှုနှင့် အစိမ်းရောင်ဇုန်အနီး ဗုံးဖောက်ခွဲမှုများဖြစ်ပွား ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားသူများ ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ဘက်တွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး အသက်ဆုံးရှုံးသွားပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

မသိရ

သေနတ်သမားမှာ မည်သူမည်ဝါဖြစ်ကြောင်း သဲသဲကွဲကွဲမသိရဟုဆိုသည်။ အယ်လ်ရှုအာရ်တာဒေသအတွင်း ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု အဘူအာရှရပ်ဖ်ဆိုသူက ဆင်ဟွာသို့ သတင်းပေးခဲ့သည်။

အခင်းဖြစ်ပွားရာနေရာတွင် ပတ္တာရောင်လှည့်ရဲကားမှ မှန်အကွဲအစများ ပြန့်ကျဲနေပြီး သွေးများ အိုင်ထွန်းနေသည်ကို တွေ့ကြရသည်။

ထိုနေရာကို လူအများဝိုင်းအုံကြည့်နေစဉ် ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး လူအသွားအလာကို ပိတ်ဆို့ခဲ့ကြသည်။

ထိုနေ့စောစောပိုင်းကလည်း ဘဂ္ဂဒက်ရှိ အစောင့်အကြပ် အကာအရံ ထူထပ်စွာချထားသော အစိမ်းရောင်ဇုန်ပြင်ပတွင် ဗုံးခွဲတိုက်ခိုက်မှုနှစ်မှု ဖြစ်ပွားခဲ့သေးသည်။

ဗုံးတစ်လုံးမှာ အစိမ်းရောင်ဇုန်အနီးရှိ ဟာဒါဒါဘာလ်စားသောက်ဆိုင်ဝန်းကျင်တွင် ရပ်ထားသော ဖောက်ခွဲပစ္စည်းများတင်ဆောင်ထားသည့် ကားပေါ်မှ ဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး နောက်တစ်လုံးမှာ ဆာလ်မီယာ ရဲစခန်းဝင်းအနီး၌ ဗုံးခါးပတ်ဝတ်ဆင်လာသူက ဖောက်ခွဲခြင်းဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာကို ကန်တပ်ဖွဲ့များက ပိတ်ဆို့ထားသည့်အတွက် အထိအခိုက် အသေအပျောက် မည်မျှရှိသည်ကို သိရှိနိုင်ခြင်းမရှိဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးစာချုပ် ပေါ်ထွန်းရန် ကမ္ဘာ့နိုင်ငံများမှ အစိုးရအဖွဲ့များ ပြန်လည်အာရုံစိုက်လာ

ကုလသမဂ္ဂ ဇူလိုင် ၁၆

ကမ္ဘာ့အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး စာချုပ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ယခုလနှောင်းပိုင်းတွင် နောက်ထပ် တစ်ကြိမ် ကြိုးပမ်းကြဦးမည်ဖြစ်ကြောင်း သံတမန်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အာရုံစိုက်လာ

နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေး စာချုပ်တစ်ရပ် အတည်ပြုနိုင်ရန် ကမ္ဘာ့နိုင်ငံများနှစ်အတန်ကြာမျှ ဆွေးနွေးခဲ့သော်လည်း ဆွေးနွေးမှုများမှာ ပြီးပြတ်ခြင်းမရှိဘဲ စာချုပ်အတည်ပြုရေးကိစ္စမှာ သောင်မတင် ရေမကျဖြစ်ခဲ့ရသည်။ သို့ရာတွင် မကြာသေးမီက ဗြိတိန်နိုင်ငံ မြို့တော် လန်ဒန်တွင် တသီတတန်း ဗုံးဖောက်ခွဲမှုများဖြစ်ပွားခဲ့ရာ ယင်းသို့သော စာချုပ်ပေါ်ထွက်လာရေးကို ကမ္ဘာ့နိုင်ငံများမှ အစိုးရအဖွဲ့များက ပြန်လည်အာရုံစိုက်လာကြသည်။

ပြောကြား

ကုလသမဂ္ဂသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် ပတ်သက်နေသော စာချုပ် ၁၃ မျိုးကို အတည်ပြု နိုင်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ပြည့်စုံမှုရှိသည့် ကွန်ဗင်းရှင်းတစ်ရပ် အတည်ပြုရန် လိုအပ်နေသေးကြောင်း၊ ယင်းကွန်ဗင်းရှင်း ရေးဆွဲရေးကိစ္စမှာ ၁၉၉၆ ခုနှစ် ကတည်းကပင်လျှင် နှောင့်နှေးကြန့်ကြာမှုများ ပေါ်ပေါက်ခဲ့ကြောင်း၊ အကြမ်းဖက်မှုဟူသော ဝေါဟာရကို မည်သို့မည်ပုံ အဓိပ္ပာယ်ဖော်နိုင်မည် ဆိုခြင်းတွင် အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့ကြောင်း တရားဥပဒေရေးရာ ကော်မတီက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း ပေါ်ပေါက်လာစေရန် သဘောထားကွဲလွဲမှုများကို အပြီးသတ်ညှိနှိုင်းဖြေရှင်းစေလိုကြောင်း၊ လာမည့် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပမည့် ကမ္ဘာ့ထိပ်သီးညီလာခံတွင် အဆိုပါ ကွန်ဗင်းရှင်းကို အတည်ပြုစေလိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က မကြာသေးမီက တိုက်တွန်းပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာ မြို့တွင် ခြေကျင်ကင်းလှည့်လာသည့် ဗြိတိသျှ တပ်ဖွဲ့ဝင် တစ်ဦးကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနှင့်ကမ္ဘောဒီးယား စိုက်ပျိုးရေးလုပ်ငန်း ပူးပေါင်းလုပ်ဆောင် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး

ဖနံကောက် ဇူလိုင် ၁၆

ထိုင်းနှင့်ကမ္ဘောဒီးယားအစိုးရတို့သည် စိုက်ပျိုးရေးဆိုင်ရာကိစ္စများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီမှု ရရှိခဲ့ကြပြီဖြစ်ကြောင်း ထိုင်းသတင်းအေဂျင်စီက ကြာသပတေးနေ့ သတင်းတွင် ဖော်ပြသည်။

အဆိုပါ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီသည့် နားလည်မှုစာချွန်လွှာကို ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး ခွန်ယင်စုဒါရတ်ကီယူရာဖန်နှင့် ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း ဒုတိယ ဝန်ကြီး ချွန်တောင်ဂ်ဗီစိတ်တို့က ယခု သီတင်းပတ်အတွင်း လက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ကူညီမည်

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံကို စီမံကိန်း လုပ်ငန်းသုံးခုတွင် အကူအညီပေးသွားမည် ဖြစ်သည်။

ရေချိုငါး

ဒေသတွင်း သီးနှံစိုက်ပျိုးရေး စနစ်ဖွံ့ဖြိုးရေးစီမံမှုများ၊ ရေချို ငါးများအပေါ် သဘာဝ ဝန်းကျင်ပြောင်းလဲမှုကြောင့် ထိခိုက်မှုများ၊ ငါးများ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းအပိုင်းတွင် သင်တန်းပေးခြင်းနှင့် အခြားစိုက်ပျိုးရေး လုပ်ငန်းများတွင် ထိုင်းအစိုးရက အကူအညီပေးသွားမည်ဖြစ်သည်ဟု ခွန်ယင်စုဒါရတ် က ပြောကြားသည်။

ထိုင်းနိုင်ငံမှသီးနှံအချို့ကို ကမ္ဘောဒီးယားနိုင်ငံမြေပေါ်တွင် စာချုပ်ချုပ်ဆိုပြီး ကမ္ဘောဒီးယားလယ်သမားများက ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးသည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ၏ ရုပ်သံနှင့်ရေဒီယိုထုတ်လွှင့်မှု ပြည်ပကုမ္ပဏီများကို ပါဝင်ခွင့်မပြု

ပေကျင်း ဇူလိုင် ၁၆

တရုတ်နိုင်ငံ၏ ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးလုပ်ငန်းများတွင် နိုင်ငံခြားကုမ္ပဏီများကို ပါဝင်ခွင့်ပေးမည်မဟုတ်ကြောင်း အသိပေးသည့် ထုတ်ပြန်ချက်ကို တရုတ်နိုင်ငံ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအုပ်ချုပ်ရေးအဖွဲ့(ဆာဖ်)က ကြေညာခဲ့သည်ကို ဗုဒ္ဓဟူးနေ့ထုတ် ပေကျင်း မောနင်းပို့စ်သတင်းစာတွင် ဖော်ပြခဲ့သည်။

တရုတ်ပြည်တွင်းရှိ မည်သည့် ရုပ်သံနှင့် ရေဒီယိုလုပ်ငန်းမျှ မိမိတို့၏ ထုတ်လွှင့်မှု ချန်နယ်လိုင်းများကို နိုင်ငံခြားကုမ္ပဏီများသို့ ငှားရမ်းခြင်းသော်လည်းကောင်း၊ ပူးပေါင်းသုံးစွဲခြင်းသော်လည်းကောင်း ပြုလုပ်ခွင့်မရှိ စေရဟု၍ ဆာဖ်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ပုံမှန်ထုတ်လုပ်မှုနှင့် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်များ၌လည်း ပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်းထုတ်လွှင့်ခွင့်ကို ပိတ်ပင်ကြောင်း ဖော်ပြထားသည်။ ကြေညာချက်တွင် မပါရှိသော အခြားသော ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ပြည်ပကုမ္ပဏီများနှင့် ပူးတွဲဆောင်ရွက်လိုလျှင် ဆာဖ်အုပ်ချုပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက် ဦးစွာရရှိရန် လိုအပ်ကြောင်းကိုပါ ကြေညာချက်တွင် ထည့်သွင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံတွင် ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီများတွဲဖက်၍ ရုပ်သံ၊ ရေဒီယိုနှင့် ရုပ်ရှင်များကို ပူးတွဲ ထုတ်လုပ်ခွင့်ပြုထားသည်။ သို့သော် ထုတ်လွှင့်ပြသခွင့်မရှိစေရန် ယခုထုတ်ပြန်ချက်များက ထိန်းချုပ်ထားခြင်းပင်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံတွင် စွမ်းအင်သုံးစွဲမှု ချွေတာရန် ရည်ရွယ် ဓာတ်သတ္တုလုပ်ငန်းအတွက် လောင်စာဈေးနှုန်းသစ် သတ်မှတ်

ဂျကာတာ ဇူလိုင် ၁၆

စွမ်းအင်သုံးစွဲမှုကို ချွေတာရန်နှင့် အစိုးရထောက်ပံ့မှုအပေါ် မှီခိုနေခြင်းကို လျှော့ချရန် ရည်ရွယ်၍ ဓာတ်သတ္တုလုပ်ငန်းများအတွက် ရောင်းချပေးနေသော လောင်စာဈေးနှုန်းကို မြှင့်တင်လိုက်ကြောင်း အင်ဒိုနီးရှားနိုင်ငံပိုင် ရေနံလုပ်ငန်း ပါတာမီနာကုမ္ပဏီက ကြာသပတေးနေ့တွင်ကြေညာသည်။

ဇူလိုင် ၁ ရက်မှစ၍ ဈေးနှုန်းသစ်နှုန်းထားအဖြစ် ဒီဇယ်ဆီကို ၂၂၀၀ ရူပီးယား (အမေရိကန်ဒေါ်လာ၂၃ ဆင့်)မှ ၄၇၄၀ ရူပီးယား (အမေရိကန်ဒေါ်လာ ၄၉ ဆင့်) ထိ သိသာစွာ ဈေးနှုန်းမြင့်တက်ခဲ့သည်ဟု အဆိုပါကုမ္ပဏီ၏ ပြည်သူ့ဆက်ဆံရေးဌာနက ပြောကြားသည်။

ဓာတ်ဆီဈေးနှုန်းသည် ၄၀၆၀ ရူပီးယား (အမေရိကန်ဒေါ်လာ ၄၂ ဆင့်) ရှိရာမှ ပြည်သူများဝယ်ယူသည့်အခါ တစ်လီတာလျှင် ၂၄၀၀ ရူပီးယား (အမေရိကန်ဒေါ်လာ ၂၅ ဆင့်)ဖြင့် ဝယ်ယူနိုင်ရန် ရောင်းချပေးခဲ့သည်။ အလားတူ ရေနံဆီ ဈေးနှုန်းမှာတစ်လီတာလျှင်၄၉၄၀ ရူပီးယား (အမေရိကန်ဒေါ်လာ ၅၁ ဆင့်)ဖြင့် ရောင်းချခဲ့သည်။

ယခုရက်သတ္တပတ်အစောပိုင်းအချိန်က ဓာတ်သတ္တုကုမ္ပဏီများနှင့် ကုန်ထုတ် လုပ်ငန်းကြီးများသည် တစ်လလျှင် ဒီဇယ်ဆီ ကီလိုလီတာ ၅၀၀ ကျော် သုံးစွဲလျှင် သက်သာသောနှုန်းထားဖြင့် ဝယ်ခွင့်ရခဲ့သည်။ သို့သော် အဆိုပါ လုပ်ငန်းတို့သည် ယခုအခါ ဈေးကွက်နှုန်းထားအရ ကျသင့်ငွေများ ပေးဆောင်ရမည်ဟု ပါတာမီတာ၏ လောင်စာ ဆီ ဖြန့်ချိရေးဌာန အုပ်ချုပ်သူ အာမက်ဒ်ဖာ ဆလ်က ဒေသတွင်း သတင်းဌာနကိုပြောကြားခဲ့သည်။ ပြည်ပ တင်ပို့ကုန် လုပ်ငန်းများကို အစိုးရက ထောက်ပံ့ပေးသည့်အနေဖြင့် လောင်စာကိုဈေးလျှော့ ရောင်းခြင်းသည် မျှတမှုမရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကွီလင်မြို့ တိရစ္ဆာန်ဥယျာဉ်တွင် သေဆုံးသွားသော အသက်အကြီးဆုံး ပန်ဒါဝက်ဝံမိမိအား လာရောက်ကြည့်ရှုနေကြသည့် ပရိသတ်နှင့်အတူ ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်တွင် သီဟိုဠ်သရက် တိုးချဲ့စိုက်ပျိုးမည်

ဟနွိုင်း ဇူလိုင် ၁၆

အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် သီဟိုဠ်သရက်စေ့ဒုတိယအများဆုံးတင်ပို့သည့် ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်ထက်နောက်မကျဘဲ သီဟိုဠ်သရက်စိုက်ပျိုးဧရိယာကို ဟက်တာ ၄၅၀၀၀၀မှ ၅၀၀၀၀၀ထိ တိုးချဲ့ရန်စီစဉ်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသည် သီဟိုဠ်သရက် ဟက်တာ ၃၅၀၀၀၀ ကို စိုက်ပျိုးထားရာမှ နိုင်ငံ၏ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ခြင်းဖြစ်သည်။အပင်ဟောင်းမျိုးများနေရာတွင် အထွက်နှုန်းကောင်းသည့် အပင်မျိုးများကို အစားထိုးစိုက်ပျိုးမည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် သီဟိုဠ်သရက်စေ့တန်ချိန် ၇၀၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပြင်ပသို့တင်ပို့မည့် သီဟိုဠ်သရက်စေ့များ အရည်အသွေးမြှင့်တင်ရေးအတွက် ထုတ်လုပ်မှု နည်းပညာပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မည်ဖြစ်သည်။ အမေရိကန်၊ တရုတ်၊ ဩစတြေးလျ၊ နယ်သာလန်၊ ဗြိတိန်၊ ကနေဒါ၊ ရုရှား၊ အီတလီနှင့်ဂျပန်ဈေးကွက်များတွင် အရောင်းမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ယမန်နှစ်က အမေရိကန်နှင့် တရုတ်နိုင်ငံသို့ သီဟိုဠ်သရက်စေ့တင်ပို့မှုမှာ စုစုပေါင်း တင်ပို့မှု၏ ၄၁ရာခိုင်နှုန်းနှင့် ၂၅ရာခိုင်နှုန်းအသီးသီးရှိသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၏ ပထမနှစ်ဝက်ကာလတွင် အမေရိကန်ဒေါ်လာ ၂၀၉ သန်းတန်ဖိုးရှိ သီဟိုဠ်သရက်စေ့ တန်ချိန် ၄၃၀၀၀ကို ပြည်ပသို့တင်ပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရာသီကာရကင်္ဂ လမြတ်ဝါဆို

ယုဝတီရွှေဝါစိန်

တစ်ဆယ့်နှစ်လရာသီဟုဆိုအပ်သော မြန်မာလပေါင်းတစ်ဆယ့်နှစ်လရှိသည့်အနက် ဤဝါဆိုလသည်ကား ထူးမြတ်သည့်လ တစ်လပင်ဖြစ်သည်။

မြတ်ဗုဒ္ဓသည် သံသရာဝဲဂယက်မှ ထွက်မြောက်ပြီး နိဗ္ဗာန်သို့ရောက်ကြောင်း တရားဖြစ်သော **"ဓမ္မစကြာ"** တရားတော်မြတ်ကို ဦးစွာဟောကြားတော်မူခဲ့သော အချိန်အခါကား ဝါဆိုလပြည့်နေ့ ဖြစ်ပါသည်။

မိဂဒါဝုန်အင်ကြင်းစုံ၌ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိအမည်ရှိသော ပဥ္စဝဂ္ဂီငါးဦးတို့အား နိဗ္ဗာန်သို့ မျက်မှောက်ပြုကာ ကျွတ်တမ်းဝင်ကြရေးအတွက် အလွန်တရာနက်နဲ သိမ်မွေ့လှစွာသော ယင်းဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူခဲ့ခြင်းကြောင့် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ များစွာပင် ကျွတ်တမ်းဝင်ခဲ့ကြသည်။ **"လမြတ်ဝါဆို"** သည်ကား လွန်စွာ ထူးမြတ်ခြင်းနှင့် ပြည့်စုံလှပေသည်။ ထို့ကြောင့်လည်း ကုန်းဘောင်ခေတ် စာဆိုတော်ဦးမင်း၏ ဝါဆိုဘွဲ့တွင် **"ကိုးခွင်ငယ် မှိုင်းပါလို့ မြင်တိုင်းမှာတဲ့နုပျို လဲ့လဲ့ငယ်စို ယုဂန္ဓိုရ်ရံ တောင်မဟာက၊ ပြုဗ္ဗာသင်္ဌ ထွန်းတဲ့လကိုလေး၊ ဆင်တာရာငယ်၊ ရာသီကရကင် နရိန္ဒာလဲညာ တောင်နတ်နှင့် ဖိုလ်မြတ်ကယ်နိဗ္ဗူ အောင်ဆုယူလို့ ရှစ်ဖြူရိပ်စံ ပဥ္စင်းတော်ခံသောခါ ရေလျှံတဲ့ဝါဆိုမှာ ပုန်းညက်ညိုမာလာမင်းက သင်းလှတယ်လေး"**... ဟူ၍ စပ်ဆိုခဲ့လေသည်။

ထို့ပြင် ဝါဆိုလတွင် ပဥ္စင်းခံပွဲများ ဆင်ယင်ကျင်းပကြသည်။ စေတနာသန်ကြသော ဒါယကာ၊ ဒါယိကာမများက ထေရ်ရဟန်းများကို ဝါဆိုနိုင်ရန် ရည်သန်လျက် သင်္ကန်းပရိက္ခရာများ ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုလသည် မိုးရာသီဖြစ်သည့်အလျောက် မြတ်စွာဘုရားက ရဟန်းတို့အား ဝေးလံသော အရပ်ဒေသများသို့ သွားရောက်မြန်းကြွခွင့်မပေးဘဲ မိမိတို့နေထိုင်ရာ ကျောင်းသင်္ခမ်းများ၌သာ ဝါဆိုဝါကပ်ခြင်းပြုကြရန် ပညတ်ခဲ့သည်။

ယင်းသို့ ဝါဆိုဝါကပ်ခြင်းပြုသည့်အခါ ဒါယကာ၊ ဒါယိကာမများက ရဟန်းသံဃာတော်များအတွက် အမျိုးမျိုးသော လှူဒါန်းဖွယ်ရာများကို လှူဒါန်းကြသည်။ ဝါတွင်းသုံးလပတ်လုံး ဥပုသ်နေ့တိုင်း ဥပုသ်သီတင်းဆောက်တည်ကြသည်။ နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ရာ ဒါန၊ သီလ၊ ဘာဝနာ စသည်တို့ကို တတ်အားသမျှ ပေးလှူကျင့်ကြံ ပွားများကျင့်သုံးကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အထွတ်အမြတ်ထားရာ ကာလဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ဝါဆိုဝါခေါင်တွင် မြစ်ချောင်းအင်းအိုင်များ၌ ရေများပြည့်လျှံ၍ ဝဲဂယက်များလှည့်လျက်ရှိနေသဖြင့် ငှက်ဖိုငှက်မများပင် ဘာသာဘာဝဟစ်ကြွေးပျော်မြူးခြင်း မပြုနိုင်ကြတော့ဘဲ သိုက်မြုံထဲတွင် မိုးခိုလျက် နေကြရသော အချိန်လည်းဖြစ်ပေသည်။ ဝါတွင်းကာလတွင် ပုန်းညက်ပန်းများကလည်း တောရဂုံ မြိုင်တန်းတစ်လျှောက်တွင် လှိုင်လှိုင်ပွင့်နေကြခြင်းကြောင့် တောတောင်အလုံး မွှေးပျံ့သင်းထုံလျက် တော၏ အလှကိုဖြည့်စွက်ပေးနေဟန်ရှိနေပြန်သည်။

ကောင်းကင်ပြင် တစ်ခုလုံးမှာလည်း လမ္ဘရာ စည်ကြီးရိုက်ခတ်သကဲ့သို့ အသံအမျိုးမျိုးပေးကာ အငြိုးနှင့်ရွာချရန် မိုးသားတိမ်တိုက်ကြီးများ အုံ့မှိုင်းသိုင်းဖွဲ့လျက်ရှိကြောင်းကိုလည်း စာဆိုတော်ဦးမင်းက–

"ရွှေရည်သာစက်တော့တယ် ပုန်းညက်ကယ် ထုံမှုံငယ် ဂန္ဓာစုံလှိုင်လှိုင်နှင့်၊ မဟီ မြိုင်သာရွှန်းပါဘိ"

"လမ္ဗရာစည်မှုရိုးငယ်တို့၊ တံပိုးသံရှည်နွဲ့ရင်လ၊ မိုးမာန်ဖွဲ့ထိန်း" ဟူ၍ စာပန်းချီ ဖွဲ့လေသည်။ ဤသို့ဖြင့် ကရကင်ရာသီဖြစ်သော ဝါဆိုလမြတ်ကို ရှေးခေတ်စာဆိုကြီးများတို့ အမျိုးမျိုးစာဖွဲ့၍မဆုံးရှိခဲ့ကြသည်။ အမျိုးသား စာဆို၊ အမျိုးသမီးစာဆိုများသာမက ရဟန်းစာဆိုများကလည်း ယင်းဝါဆိုလကို မိမိတို့အလျဉ်းသင့်ရာ ရှုထောင့်မှနေ၍ ရေးသားစပ်ဆိုကြသည်။ တောင်တွင်းကြီးမြို့မှ ရှင်ဥတ္တမကျော်ကလည်း ၎င်း၏ တောလားတွင် **"လေးဘက်လုံးခြုံ တိမ်ဂမ္ဘုန်လည်း၊ နဂါးရုံကြွေ့ ရန်ချင်းတွေ့သော် ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့၊ မဏ္ဍိုင်မူလ၊ ပြိသာတွင်ရာ၊ ဝိသာခါနှင့် စကားဝါထုံ၊ ရန့်လှုံသည်၊ မေထုန်လက်ဖျား၊ စမွယ်နားလျက်၊ ပျံ့ရှားအေးလှိုင်၊ ပုန်းညက်ခိုင်လည်း၊ ကြိုင်ကရကင်္ဂ၊ ထုံရည်ဆွတ်၍၊ နက္ခတ်အာသဠ်၊ တပတ်ကျန်ဝယ်၊ လမ္ဘရာမွန်၊ ပုစွန်တျာတျာ၊ ဒန္တိမာနှင့် မဟာဝိဇယ၊သံစုံခ၍၊ မြူးကြပဇ္ဇုန်၊ တော်အားဆုန်သည်၊ လွှမ်းခြုံသင်တိုင်း၊ တိမ်အလှိုင်းဖြင့်၊ တိုင်းအမွှန်ဆီ၊ မိုးမေဃီလျှင် ဘေဒနီကျင်း၊ ဗျူဟာခင်း၍"** ဟု စပ်ဆိုခဲ့သည်။

စာဆိုတော်များသည် ခေတ်အခြေအနေ၊ ရေးစပ်သည့်ပုဂ္ဂိုလ် ကွဲပြားကြသော်လည်း ဝါဆိုလသည် မည်သည့် နက္ခတ်ထွန်းလင်း၍ မည်သည့်ပန်းများ ပွင့်သည် စသည့် အကြောင်းအရာများမှာမူကား တူညီကြသည်။ ဦးယာ၏ ဆယ့်နှစ်လရာသီလူးတားတွင်လည်း **"ရာသီရေ၊ ဝါဆိုလဟု၊ မှိုင်းပျရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ မိုးမိလ္လာနှင့်"**၊ **"ပန်းများလှိုင်ကြူ၊ မဉ္ဇူရွှေခက်၊ ပုန်းညက်ကြိုင်သင်း၊ ပဥ္စင်းတော်ပွဲ၊ သဲသဲအုတ်အော်၊ ရှင်ပျော်လှည့်ပတ်၊ ကရကင်္ဂနှင့်"** ဟူ၍ စပ်ဆိုခဲ့လေသည်။

ယခုခေတ်စာဆိုရှင်တို့ကမူ အမြင်တစ်မျိုး အသွင်တစ်မျိုးဆန်းသစ်လာသည်။ ဝါဆိုလ၏ သရုပ်များကိုပြဆိုရာတွင် မြန်မာနိုင်ငံ၏ အရေးပါသော ထွက်ကုန်တစ်ခုဖြစ်သည့် ဆန်စပါးအထွက်တိုးရေး ဆောင်ရွက်မှုများသည်လည်း ဝါဆိုလ၏အလှတရားများဖြစ်ကြောင်းကိုပါ ရေးသားစပ်ဆိုလာကြသည်။

> ဝါဆိုဦးပေမို့
> ကြည်နူးဘွယ့်သည်ချိန်
> ရှိဦးငယ်နှိမ်သည်
> မြတ်စိန္တေ ထံတော်ပါးမှာလ
> ဝတ်တွားကာ–ဆုပန်ရတယ်လေး။
> မြိုင်ဖွေအလယ်
> ရွှေရောင်ခဝဲ၊
> ထုံသင်းဆဲပေမို့၊
> သင်းမြပုန်းညက်
> ထုံကြိုင်လျက်နှင့်
> ရာသီကက္ကဋာ
> သည်ချိန်ခါမို့
> ဝါဆိုသင်္ကန်း
> ကပ်လှူဒါန်း၍
> ရှင်လန်းစင်ကြယ်
> နိဗ္ဗာန်ကူးဖို့ ဆုထူးရှယ်၊
> သွယ်သွယ်မာလာ၊
> ဆွတ်ချူးရူး၍၊
> ကြည်နူးဖွယ်သာသောခါ၊
> မြတ်ဗုဒ္ဓရှင်ပင်မှာ၊
> ရွှေဝါခင် ရှိစုံညွှတ်ပါလို့
> ပန်းကပ်ခါ–ဆုမွန်ကောင်းကို
> တောင်းရတယ်လေး။ ။

သို့ဖြစ်ရာ ရာသီကရကင်၊ လမြတ်ဝါဆိုသည် မြန်မာတို့အတွက် လောကီ၊ လောကုတ်နှစ်ဖြာသော အကျိုးကို ဖော်ဆောင်ပေးနိုင်သော ထူးကဲမွန်မြတ်လှသည့် လတစ်လပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ယခုခေတ်စာဆိုရှင်တို့ကမူ အမြင်တစ်မျိုး အသွင်တစ်မျိုး ဆန်းသစ်လာသည်။ ဝါဆိုလ၏ သရုပ်များကို ပြဆိုရာတွင် မြန်မာနိုင်ငံ၏ အရေးပါသော ထွက်ကုန်တစ်ခုဖြစ်သည့် ဆန်စပါးအထွက်တိုးရေး ဆောင်ရွက်မှုများသည်လည်း ဝါဆိုလ၏အလှတရား များဖြစ်ကြောင်းကိုပါ ရေးသားစပ်ဆိုလာကြသည်။

ကွမ်းခြံကုန်းအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ပဌမအကြိမ်မြောက် ဝါသင်္ကန်းကပ်လှူပွဲကို ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူဘုရားကြီး၌ ဇူလိုင်၂၄ရက် တနင်္ဂနွေနေ့၌ ကျင်းပမည်။ ကွမ်းခြံကုန်းမြို့သို့ နေ့ချင်းပြန် လိုက်ပါလိုသည့် အသင်းသူအသင်းသားများ ဇူလိုင်၂၄ရက်နေ့ (တနင်္ဂနွေနေ့)နံနက်၇နာရီအရောက် ဒလ၊ကွမ်းခြံကုန်းကားဂိတ်သို့ ကြွရောက်ကြပါရန်နှင့် သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများ နာယက ဦးစိုးညွန့်(ဖုန်း–၂၂၄၅၈၀)ဥက္ကဋ္ဌဦးကျော်ခိုင်(ဖုန်း–၂၄၆၁၄၀)၊ ဘဏ္ဍာရေးမှူး ဦးကျော်စိုး(ဖုန်း–၀၉၅၀၀၁၄၂၆)တွဲဖက် အတွင်းရေးမှူး ဦးကြိုင်မြင့် (ဖုန်း–၂၉၅၉၈၈)နှင့် အမှုဆောင် ဒေါ်ဥ(ဖုန်း–၀၉၈၀၃၃၉၁၅)တို့ထံ ဆက်သွယ်နိုင်ကြကြောင်းသိရသည်။ (က–ပ)

ဆက်ကပ်လှူဒါန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူရာတွင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာတို့က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ တောင်ကြီး ပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ရထား)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်း၊ အလှူတော်ငွေ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့အား အမှူးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်း၊ အရဏ်ဆွမ်း၊ ဆွမ်းဆန်စိမ်းတော် အတွက် လှူဖွယ်ပစ္စည်းများ၊ ဆေးအလှူငွေနှင့် တည်ဆောက်လျက်ရှိသော သုံးထပ်ဆွမ်းစားကျောင်းဆောင်သစ် အတွက် အလှူတော်ငွေ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တောင်ကြီးပရိယတ္တိ စာသင်တိုက် နာယက ဆရာတော် အမှူးပြု၍ သံဃာတော်အပါး ၁၁၀ ကြွရောက် တော်မူကြပြီး ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာ၊ ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်နှင့် ဇနီး ဒေါက်တာ ဒေါ်ရီရီထွေး၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်ဇနီး ဒေါ်ချိုချိုထွန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေး ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ တောင်ကြီးပရိယတ္တိ စာသင်တိုက်မှ တိုက်အုပ် ဆရာတော် ဦးကလျာဏဓမ္မထံမှ သီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အလှူရှင်များက အရဏ်ဆွမ်း၊ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်စိမ်းတော်အတွက် လှူဖွယ်ပစ္စည်းများ၊ ဆေးအလှူငွေနှင့် တောင်ကြီး ကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းဆောင်သစ်အတွက် အလှူတော်ငွေကျပ် ၃၆ သိန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆုတောင်း

ထို့နောက် တောင်ကြီး ပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော်က အနုမောဒနာတရားချီးမြှင့်၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာတိုက်ကုန်း ပရိယတ္တိ၊ ပဋိပတ္တိကျောင်းဆောင်သစ်ဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် မဏ္ဍလာရာမကျောင်းတိုက်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော စာတိုက်ကုန်းပရိယတ္တိ၊ ပဋိပတ္တိသုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ မဏ္ဍလာရာမကျောင်းတိုက် ဦးစီးပဓာနနာယက သန်လျင်ဆရာတော် ကျိုက်ဒေးယျုံအရှင်နိုင်ငံတော်ဓမ္မကထိက ဘဒ္ဒန္တဉတ္တရ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဋ္ဌေးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကျောင်းဆောင်သစ်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

အမွေးနံ့သာရည်များပက်ဖျန်း

ဆက်လက်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ဦးရွှေက မော်ကွန်းကမ္ပည်း ကျောက်စာကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် အလှူရှင်များက မော်ကွန်းကမ္ပည်းကျောက်စာကို အမွေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

(သတင်းစဉ်)

ဝါတွင်းတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ပညာသီဟာဘိဝံသ (ပဋ္ဌာနိကာယ်) သ–စ–အ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဆရာတော်သည် ဝါတွင်းဥပုသ်နေ့တိုင်း နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ သိရီဂုဏ်ဝေဓမ္မဗိမာန်၌ သီလပေးတရားတော်များကို လည်းကောင်း၊ ယင်းနေ့ညနေ ၃ နာရီတွင် ကမာရွတ်မြို့နယ် အင်းလျားရွာသစ်ကျောင်း၌ ဝိပဿနာ အလုပ်ပေးတရားတော်၊ ဝါဆိုလပြည့်ကျော် ၁၁ရက်နေ့၌ ဝက်လက်မြို့နယ် ရှိမ်းမကားရွာနှင့် ဝါခေါင်လပြည့်နေ့တွင် စမ်းချောင်းမြို့နယ် မြသိန်းတန်ဓမ္မာရုံတို့တွင် ညတရားပွဲများကို လည်းကောင်း၊ ဝါခေါင်လပြည့်ကျော် ၈ရက်နေ့ မွန်းလွဲ ၂ နာရီတွင် တောင်ဥက္ကလာပမြို့နယ် သုရ(၉)လမ်း လူထုဓမ္မာရုံနှင့် ဝါခေါင်လကွယ်နေ့ မွန်းလွဲပိုင်းတွင် ရန်ကင်းဘောက်ထော် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။(က–ပ)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်းလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြို့တော်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ယခုထက် ပိုမိုဖြန့်ဝေနိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းခွင်သို့ နံနက် ၈နာရီတွင် ရောက်ရှိလာရာ ကော်မတီဝင် ဗိုလ်မှူးကြီးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဦးသောင်းရင်၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ စစ်ဆေးရေးဌာန ဌာနမှူး ဦးဇော်ဝင်း၊ ရာပြတ်ဌာန–ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် စီမံကိန်းလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ရန်ကုန်မြို့တော် ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ဓာတ်အားခွဲရုံ၊ ရေတွန်းစက်ရုံ၊ ရေစုကန်၊ သဲရေစစ်ကန်၊ အနယ်ထိုင်ကန်၊ အကြိုအနယ်ထိုင်ကန်များ ပြီးစီးရန် ဆောင်ရွက်နေမှု၊ လက်စသတ်ရန် ကျန်ရှိနေသည့် လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ဝဲပုံ)**

ဖြည့်စွက်မှာကြား

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီးနောက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

စနစ်တကျကြိုးပမ်း

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူအဆင့်ဆင့်အား တွေ့ဆုံပြီးနောက် ယခုရေပေးဝေရေးလုပ်ငန်းသည် အလွန်ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းဖြစ်သည့်အပြင် မြို့တော်နေ ပြည်သူများ သန့်ရှင်းကြည်လင်သော သောက်သုံးရေများ ယခုထက် ပိုမိုရရှိစေရန် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်၍ စေတနာထားကာ စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသွားသည်။

(၁၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၇–၂၀၀၅ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ တေးဂီတအစီအစဉ်
- ၇း၁၀ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်
- ၇း၁၅ တေးဂီတအစီအစဉ်
- ၇း၂၀ Sport Pro
- ၇း၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၇း၅၀ မြွေအန္တရာယ်နှင့်မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ
- ၈း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၂၀ သူ့ဘဝ သူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ဆီဆေးပန်းချီ)
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ မိုးလေဝသခန့်မှန်းချက်
- ၈း၅၀ မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်း
- ၉း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၀၅ ဂီတဆည်းဆာတေးသံသာ အပိုင်း(၂)
- ၉း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ မှော်ဘီ(၃)စပါးမျိုးသစ်အပေါ်တွင် ကောက်ကွက်ပျိုးသက်စမ်းသပ်မှု
- ၁၀း၀၅ တေးဂီတအစီအစဉ်
- ၁၀း၁၀ ၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ အပိုင်း(၂)
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ Say it in English (4)
- ၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

စုပေါင်းဆွမ်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ဗိဝိတဒါနသံဃာ့ဆေးရုံကြီး၏ စတုတ္ထအကြိမ် ဝါတွင်းစုပေါင်း ဆွမ်းလှူဒါန်းပွဲကို ဇူလိုင် ၂၃ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ အမှတ်(၃၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်ရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ စုပေါင်းဆွမ်းလှူဒါန်းပွဲသို့ စေတနာရှင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက ဝေဒနာရှင် ဂိလာန သံဃာတော်များ၊သီလရှင်များအတွက် ရည်မှန်း၍ ဆွမ်းလှူဒါန်းကြမည်ဖြစ်သည်။ ဆွမ်းလှူဒါန်းရာသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားဆွမ်းလှူဘဏ်မှ တာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများက ဆွမ်းများကို လက်ခံရယူကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

နွားထိုးကြီး မြို့နယ် မိသားစုများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၃ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ဗဟန်း(၃)လမ်းထိပ်ရှိ သံယုတ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သားများ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဦးအောင်ကြည် ဖုန်း–၂၂၂၂၆၄၊ ဦးသန်း ဖုန်း–၅၄၅၇၈၁ နှင့် ဦးအောင်ဌေး ဖုန်း–၂၅၃၉၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဗုဒ္ဓဘာသာကလျာဏယုဝ (YMBA) အသင်း ဗုဒ္ဓဝင်နှင့် မင်္ဂလာတရားတော်စာမေးပွဲ၊ မင်္ဂလာငွေပဒေသာပင် အလှူတော်ငွေဆယ်သိန်းလှူဒါန်းပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လယ်ယာရွှေမြေလမ်းရှိ ထွန်းနေလင်းသစ်စက်တွင် ဇွန် ၃၀ရက်ကကျင်းပရာ အလှူရှင် ဦးထွန်းမောင်–ဒေါ်သန်း (ထွန်းနေလင်းသစ်စက်မိသားစု)က YMBA အသင်း အထွေထွေအတွင်းရေးမှူး ဦးစိန်သန်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

တွေ့ဆုံ အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် မအီမြို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဝန်ဖိုက်ချောင်းတံတားသည် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်အတွင်း တည်ရှိပြီး တံတားအရှည်မှာ ၈၂၇ ပေ သုံးလက်မဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင် သံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး စီမံကိန်း စတင်သည့်နေ့မှာ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်ဖြစ်သည်။

သဇင်တန်ပေါက်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် သဇင်တန်ပေါက်တံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး အင်ဂျင်နီယာမှူး(မြို့ပြ) ဦးမြင့်ဦးက တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ကျောက်ဖြူဘက်ခြမ်း၌ တံတားကြမ်းခင်းလုပ်ငန်း ကွန်ကရစ်သွန်းလောင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

သဇင်တန်ပေါက် တံတားသည် ရမ်းဗြဲမြို့နယ်၌ တည်ရှိပြီး တံတားအရှည်မှာ ၅၈၂ ပေ လေးလက်မ ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်တည် သံမဏိသံပေါင်၊ အောက်ထည် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး စီမံကိန်းစတင်သည့်နေ့မှာ ၂၀၀၃ ခုနှစ်၊ ဇူလိုင် ၁ ရက်ဖြစ်ကာ ယခုအခါ ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိကြောင်း သိရသည်။

သံသမချေတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၃)က တာဝန်ယူ တည်ဆောက်သည့် သံသမချေတံတားသို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးမြင့်လွင်က တံတားတည်ဆောက်ပြီးစီးနေမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

သံသမချေတံတားသည် ကျောက်ဖြူခရိုင် မအီ–ကျောက်ဖြူ လမ်းအပိုင်းရှိ တံတားဖြစ်သည်။ တံတား အရှည်မှာ ၇၀၇ ပေ သုံးလက်မဖြစ်၍ အပေါ်ထည်သံပေါင် သံကူကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ စီမံကိန်း စတင်သည့်နေ့မှာ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်ဖြစ်ပြီး ယခုအခါ တံတားတည်ဆောက်မှုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်နှင့် ဝန်ထမ်းများ တာဝန်ယူတည်ဆောက်သည့် မိုင် ၂၀ အရှည်ရှိ မအီ–မင်းကြောင်း လမ်းအပိုင်းရှိ ရွံ့ညွန်တောအတွင်း Geotextile နည်းပညာဖြင့် ဖို့မြေလမ်းကို အမာခံလမ်းအဖြစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအီချောင်း တံတား အနီးရှိ မအီရဲစခန်းသို့ ရောက်ရှိကြပြီး ရဲစခန်းဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရဲစခန်းပတ်လည်၌ အရိပ်ပါရပြီး ဝင်ငွေရရှိနိုင်သည့် နှစ်ရှည်ပင်များ စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြား၍ ရဲစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမသစ် တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး မှာကြားသည်။

ရှေးဦးစွာ တောင်ကုတ်မြို့နယ် မအီမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က မြေယာအသုံးချမှု၊ အဓိက သီးနှံများ စိုက်ပျိုးမှု၊ မိုးစပါးဧကတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့် မိုးစပါး စိုက်ပျိုးပြီးစီးမှု၊ သီးထပ်စွမ်းအား၊ မိုးစပါးအထွက်တိုးရေး မျိုးစပါးပြောင်းလဲစိုက်ပျိုးမည့် အစီအစဉ်၊ ငရုတ်ကောင်း စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှာစကားပြောကြားရာတွင် မအီမြို့ကို ကျေးရွာအဆင့်မှ မြို့အဆင့်သို့ နိုင်ငံတော်က တိုးမြှင့်ပေးပြီးဖြစ်ကြောင်း၊ ထို့အပြင် ရမ်းဗြဲကျွန်းရှိ ကျောက်ဖြူမြို့သို့ မော်တော်ကားလမ်းဖြင့် သွား၍ရမည်ဟု ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ ခေတ်အဆက်ဆက်တွင် အိပ်မက်မျှပင် မက်ဖူးခဲ့မည် မဟုတ်သော်လည်း နိုင်ငံတော်က ပြည်နယ်အပေါ် စေတနာထားကာ ခက်ခက်ခဲခဲ ဖောက်လုပ်ပေးနေသည့် ရန်ကုန်–ကျောက်ဖြူ မိုင် ၄၀၀ရှည် အိပ်မက်လမ်းမကြီးသည် မကြာမီ မအီမြို့ကိုဖြတ်၍ အကောင်အထည်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ မအီနှင့် ကျောက်ဖြူအကြား ပေ ၁၈၀ ရှည် တံတားကြီး ၁၀စင်းမှာလည်း မကြာမီ အားလုံးပြီးစီးတော့မည်ဖြစ်ကြောင်း၊ ပြီးစီးပါက ရန်ကုန်–ကျောက်ဖြူ အိပ်မက်လမ်းမကြီးကို ဖွင့်လှစ်သည့်အခါ လမ်းဆုံဖြစ်သည့် မအီမြို့ကို ကားကြီးများ ဥဒဟိုဖြတ်သန်းသွားလာတော့မည်ဖြစ်၍ မအီမြို့သည် သိသိသာသာ ဖွံ့ဖြိုးတိုးတက် စည်ပင်လာတော့မည်ဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်

ထို့ကြောင့် မိမိတို့မြို့ စီးပွားရေးကောင်းမွန်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကြိုးပမ်းအားထုတ်ရန် လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်စေရန် အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်ပင် သုံးမျိုးနှင့် အမယ်သစ် သုံးမျိုးတို့ကို စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးရန်၊ သီးနှံအထွက်နှုန်းကောင်းမွန်စေရန်နှင့် သီးထပ်သီးညှပ် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ဈေးကောင်းရသည့် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို တိုးတက်စိုက်ပျိုးကြရန် စည်းရုံးပညာပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူပင် မွေးမြူရေးနှင့်ပတ်သက်၍ ပုစွန်မွေးမြူရေးတွင် အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးအတွက် နည်းပေးလမ်းပြဆောင်ရွက်ရန်နှင့် ဒေသကြက်ကို ထိရောက်အောင်မြင်အောင် မွေးမြူရန်လိုကြောင်း၊ ဌာနဆိုင်ရာများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် အောက်ခြေအထိကွင်းဆင်း၍ ဒေသခံပြည်သူများ အကျိုးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် မအီမြို့ကို မြို့အင်္ဂါရပ်နှင့် အညီ ဖြစ်စေရန်နှင့် သန့်ရှင်းသပ်ရပ် လှပမှုရှိရေး ပြည်သူများနှင့် လက်တွဲဆောင်ရွက်ရန်မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

မအီမြို့အနေဖြင့် အဓိကသီးနှံဖြစ်သော ပဲမျိုးစုံသီးနှံကို ယခင် ၁၁၉၇ ဧကစိုက်ပျိုးရာမှ ယခုအခါ ၃၂၂၉ ဧကအထိ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ပြီး စပါးစိုက်ပျိုးမှုတွင်လည်း ဧက ၁၀၀၀ ပိုမိုတိုးချဲ့၍ ဧက ၂၀၀၀၀ ပြည့်မီသည်အထိ စိုက်ပျိုးလုပ်ကိုင်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံနေရာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြေရှစ်ဧက ကျယ်ဝန်းသည့် ဆေးရုံတည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအီမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြား၍ ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

လမ်းစီမံကိန်း

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမ်း–ပဒဲကြော– မအီလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ တလိုင်းတောင်ရှိ အမ်း–ပဒဲကြော–မအီ လမ်းစီမံကိန်း (အထူးအဖွဲ့) ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းစီမံကိန်း အင်ဂျင်နီယာမှူး ဦးအုန်းလွင်က ပေ ၄၀အကျယ်လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်း ၄၁ မိုင် ၅ ဖာလုံ ပြီးစီးမှု၊ လမ်းအနိမ့်အမြင့်အတွက် ဖြေညှိခြင်းလုပ်ငန်း ၃၂ မိုင် ၅ ဖာလုံ ဆောင်ရွက်ပြီးစီးမှု၊ ၁၆ပေ အကျယ်၊ ထုတစ်ပေရှိ အမာခံကျောက်ခင်းခြင်း လုပ်ငန်း ၁၈ မိုင် ၅ ဖာလုံ ပြီးစီးမှု၊ ပေ ၂၀နှင့်အောက် တံတား ၄၆စင်းနှင့် ပေ ၂၀အထက် တံတား ၁၄စင်း တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းကို စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ချိန်အတွင်း အပြီးဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

အမ်း–ပဒဲကြော–မအီလမ်းစီမံကိန်း(အထူးအဖွဲ့)အနေဖြင့် လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သတ်မှတ်လမ်းပုံစံအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၈၀ရာခိုင်နှုန်း၊ အကျယ် ၁၆ပေ၊ ထုတစ်ပေရှိ အမာခံချောင်းကျောက်ခင်းခြင်းလုပ်ငန်း ၄၅ ရာခိုင်နှုန်းနှင့် သံကူကွန်ကရစ် ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း ၉၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ကျန်လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အပြီးပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

လမ်းအခြေအနေကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၂၀/၂)ရှိ တပ်တောင်လမ်းခွဲသို့ ရောက်ရှိပြီး တပ်တောင်သို့ သွားရောက်သည့် လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် မိုင်တိုင်အမှတ်(၁၈/၄)သို့ ရောက်ရှိပြီး အကျယ် ၁၆ပေ၊ အရှည်ပေ ၃၀ရှိ လက်ဝဲညောင်ချောင်းတံတား တည်ဆောက်ရန် သံကူကွန်ကရစ် ရေပြွန်တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၁၇/၅)သို့ ရောက်ရှိကြပြီး ပဒဲကြောလမ်း၏ အမြင့်ဆုံးနေရာဖြစ်သည့် အော်သဂဲတောင်ထိပ် အတက်လမ်းကို ကြည့်ရှုစစ်ဆေးကာ အတက်လမ်းကို ယခုထက် ပြေပြစ်အောင် ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် မိုင်တိုင်အမှတ်(၁၃/၄)သို့ ရောက်ရှိကြပြီး တောင်တက်ကားလမ်းမတ်စောက်မှုနှင့် ကွေ့ကောက်မှုအား ဖြေညှိနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လမ်းခရီးတိုတောင်း

မိုင်တိုင်အမှတ် (၁၃/၂)မှ (၁၃/၅)အထိ လမ်းကွေ့ကောက်မှုကို လမ်းဖြောင့်အဖြစ် ဖြေညှိမှုကြောင့် ယခင်လမ်းအရှည်ခြောက်ဖာလုံမှာ သုံးဖာလုံအထိ လမ်းခရီးတိုတောင်းသွားကြောင်း သိရှိရသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၁၂/၃)တွင် လမ်းရေတိုက်စားမှုမှ ကာကွယ်ရန် စက်ယန္တရားများဖြင့် တောင်စောင်းအား အဆင့်လိုက် မြေဖြတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၆/၇)သို့ ရောက်ရှိကြပြီး လမ်းသစ်ဖောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၂/၀)မှနေ၍ တောင်ကုန်းများ၌ ရော်ဘာစိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မိုင်တိုင်အမှတ် (၁/၄)သို့ ရောက်ရှိကြပြီး အမ်းမြို့၏ ရှုခင်းအလှကို အပေါ်စီးမှ ကြည့်ရှုကာ မိုင်တိုင်အမှတ် (၁/၀) အရောက်တွင် အမ်းမြို့လူထုအတွက် သောက်သုံးရေဖြန့်ဝေပေးနေသည့် ဟင်းရွက်ဆည်ရှုခင်းကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမ်း–ပဒဲကြော–မအီ လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် အမ်းမြို့သို့ရောက်ရှိ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

❀ **မိမိဒေသမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခေါဇာ–မီးတိုင်ဒုတ်ချောင်းကူးတံတား ဆောက်လုပ်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခေါဇာမြို့နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား၍ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ခေါဇာကျောင်းဟောင်းရေ့ချောင်းကူးတံတား ပြုပြင်တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခေါဇာဘုန်းတော်ကြီးကျောင်းဟောင်းသို့ ရောက်ရှိ၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသနှင့် ဆရာတော် ဘဒ္ဒန္တ ဩဘာသတို့အား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခေါဇာဘုန်းတော်ကြီးကျောင်းဟောင်းဘက်စုံ မွမ်းမံ တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ခေါဇာကျောင်းသစ် ဓမ္မာရုံဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၅၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းကြ သည်။

ထို့နောက် ခေါဇာဘုန်းတော်ကြီးကျောင်းဟောင်း၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ရေး မှာကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာ တပ်နယ်သို့ သွားရောက်၍ တပ်နယ်ခန်းမ၌ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ရေးတပ်နယ်မှ ဗိုလ်မှူးကြီး ချို့ထွန်းအောင်တို့က အဝတ်အထည်များ၊ ကျောင်းဝတ်စုံ အစုံ ၁၀၀၊ ဗလာစာအုပ်များနှင့် ခဲတံ တစ်ဒါဇင်ပါယူနစ် ၁၀၀နှင့် ထောက်ပံ့ငွေကျပ် ခြောက်သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

အမှာစကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး လိုက်ပါ၍ ကျောင်းရွာ ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများသည် အသိစိတ်ဓာတ်ရှိရှိဖြင့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးစေလိုကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကွန်ပျူတာပညာရပ်များကို အသုံးပြုနိုင်အောင် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို ဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ဆက်လက်၍ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသုံးစာအုပ်များ ပေးအပ်ပွဲကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကွန်ပျူတာ တစ်လုံးနှင့် ကျောင်းဝတ်စုံအစုံ ၁၁၀ကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရုပ်မြင်သံကြားစက် တစ်လုံးကို လည်းကောင်း၊ ဗိုလ်မှူးကြီးချို့ထွန်းအောင်က ဗလာစာအုပ်များနှင့် ခဲတံ တစ်ဒါဇင်ပါ ယူနစ် ၁၀၀ကို လည်းကောင်းပေးအပ်ပြီး ကျောင်းရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းရွာ ကျေးရွာဓမ္မရက္ခိတ စာသင်တိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ခန္တီအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စာသင်တိုက်၌ အသုံးပြုရန် ဆွမ်းဆန်တော် အလှူငွေကျပ် ၁၅၀၀၀၀ကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာတိုက်နယ်ဆေးရုံသို့ သွားရောက်၍ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းပြီး ဆေးရုံနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဇီးဖြူသောင်ကျေးရွာ

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဇူလိုင်၁၆ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာသို့ သွားရောက်၍ အကျယ် ၂၄ပေ၊ အရှည်ပေ ၁၈၀ရှိ ဇီးဖြူသောင် သံကူကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တံတားတည်ဆောက်ရေးရှင်းလင်းဆောင်၌ ဇီးဖြူသောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူး ဦးသော်ကက တံတားဆောက်လုပ်မှုအခြေအနေများကို ဖြည့်စွက်တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စံချိန်စံညွှန်းမီစွာ ဆောင်ရွက်နိုင်ရေး မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည်မြတ်သူရကုမ္ပဏီလီမိတက် အအေးခန်း စက်ရုံသို့ရောက်ရှိရာ သား ငါး ပုစွန် ထုတ်လုပ်မှုများကို စက်ရုံမှူး ဦးသန်းရှိန်နှင့် စက်ရုံမန်နေဂျာ ဦးထွန်းမြင့်တို့က လှည့်လည်ရှင်းလင်းပြသကြသည်။

ဒူးယားတိုက်နယ်ဆေးရုံ

ထို့နောက် ရေးမြို့နယ် ဒူးယားကျေးရွာ ဒူးယားတိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဟုမ်းတောက်ဆောက်လုပ်ရေး တာဝန်ခံ ဦးချန်စိန်က အလျား ၁၂၈ပေ၊ အနံ ၁၀၃ပေရှိ ၁၆ခုတင်ဆံ့ တစ်ထပ်အုတ်တိုက် အဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒူးယားကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုလှည့်လည်ကြည့်ရှုကြပြီး ရေးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြို့နယ်ဆရာဝန်ဒေါက်တာစောမြဦးက ရေးမြို့နယ် ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာတင်ဝင်းကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ရေးနှင့် ရေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

လူနာဆောင်တိုးချဲ့

ဆက်လက်၍ ဟုမ်းတောက်ဆောက်လုပ်ရေးအဖွဲ့တာဝန်ခံ ဦးချန်စိန်က ရေးမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၅၀ဆံ့ တိုးချဲ့လူနာဆောင်၊ ခွဲစိတ် သားဖွား နှစ်ထပ်အဆောက်အအုံ၊ ပင်မဆောင်နှင့်ခွဲစိတ် သားဖွားဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားကာ ဆေးရုံတည်ဆောက်ခြင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တံတားသစ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေး–မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၈၉/၂)၌ တံတားသစ် ဆောက်လုပ်နေမှုကို လည်းကောင်း၊လမိုင်းမြို့နယ်ဘေးလမိုင်းကျေးရွာမှ ရော်ဘာခြံရှင် ဦးသိန်းချစ်၏ ရော်ဘာ စိုက်ဧက ၁၀ဧက၊ ရော်ဘာကြား ယာစပါးစိုက်ခင်း ရှစ်ဧကနှင့် ဟင်းသီးဟင်းရွက် နှစ်ဧက စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မုဒုံမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် ရန်ကုန်–မြိတ်လမ်းပေါ်ရှိ တံတားအမှတ်(၂/၂၆) ဝင်းကမော့တံတား သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မော်လမြိုင်ခရိုင်အင်ဂျင်နီယာမှူး ဦးဝင်းတင့်က တံတား အရှည်ပေ ၇၀၊အကျယ် ၃၈ပေရှိ သံကူကွန်ကရစ်တံတား ၇၀ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ရိမြို့၌ ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်သည့် အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

(စွမ်းအင်)



အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးကျင်းပ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၇

ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ရိမြို့၌ ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်သည့်အစည်းအဝေးများသို့ တက်ရောက်ခဲ့သော စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၆ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ကြိုဆိုကြသည်။

ဆွေးနွေး

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၂ရက်မှ ၁၄ရက်အထိ ပြုလုပ်ခဲ့သည့် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး ဒုတိယအကြိမ်အာဆီယံ+၃ အစည်းအဝေးများတွင် အာဆီယံနိုင်ငံများအတွင်း စွမ်းအင်တည် ငြိမ်ရေး၊ စိတ်ချဖူလုံစွာရရှိရေး၊ စွမ်းအင် ခြိုးခြံချွေတာရေးနှင့် ထိရောက်အကျိုးရှိစွာ အသုံးချရေးကိစ္စများ၌ ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၄ရက်တွင် ကျင်းပသည့် ASEAN Energy Business Fourm 2005၏ ဝန်ကြီးများနှင့် အမှုဆောင်အရာရှိချုပ်များ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍနှင့် ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၇

အလုပ်သမားဝန်ကြီးဌာန မိသားစုသတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းနှင့် ရေတာရှည်လမ်းဟောင်းထောင့်ရှိ အလုပ်သမားဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပသည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားသို့ ပဋ္ဌနိကာယ်စာသင်တိုက်ပဓာန ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တတေဇောဘာသ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့် ဇနီး ဒေါ်မြကြည်စိန်၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့်ဇနီး၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးနှင့်ဇနီးအမှူးပြုသော ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပန်းတင်တိုက်နယ် ငမောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားကို မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းက အလှူရှင်များ၏ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

တောင်ကုတ်မြို့နယ်ငမောက်ချောင်းကျေးရွာ ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၇

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပန်းတင်တိုက်နယ် ငမောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ကျင်းပရာ ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရ အမှူးပြုသောဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ဦးစီးကော်မတီ နာယကများ၊ဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်စိုးလှနှင့် ဦးသန်းမောင်(ချမ်းမြေ့စတိုး)နှင့် ကော်မတီဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းက အမှာစကား ပြောကြားသည်။

ယင်းနောက် အလှူရှင်အသီးသီးက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူရှင်အသီးသီး၏ ယနေ့လှူဒါန်းမှုမှာ ငွေကျပ် ၁၁၂သိန်း ဖြစ်သည်။(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး မိသားစု ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဈေးသာယာရေးအဖွဲ့မှ ကြီးမှူး၍ ဇူလိုင် ၁၄ရက်က ကျင်းပရာ မရမ်းကုန်းမြို့နယ် သံဃနာယက ဥက္ကဋ္ဌ (ရွှေကျင်) ဂန္ဓာရုံကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့လယ်ယာထွက်ကုန် ဝါဆိုသင်္ကန်းလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သုံးထပ်ဇေတဝန်ကျောင်းဆောင်သစ် ရေစက်ချ လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် သုဝဏ္ဏမြို့ စစ်ကိုင်းစာသင်တိုက်၌ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင် တက်ရောက်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များနှင့် ဆေးရုံများ ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင့်နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်တို့လိုက်ပါလျက် ဇူလိုင် ၁၅ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင်စလင်းမြို့နယ်တောစိမ့်ကျေးရွာရှိ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ကွင်းဆင်းလေ့ကျင့်ရေးနှင့် သုတေသနဌာန တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ဆောက်လုပ်ရေးအဖွဲ့ တာဝန်ခံ ဦးသောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးခင်မောင်မြင့်၊ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးခရိုင် သင်ကြားရေးဆေးရုံကြီးသို့ သွားရောက်၍ ခွဲစိတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ အသုံးပြုမှုအခြေအနေ၊ ဆေးပစ္စည်းသိုလှောင်ခန်း၊ သင်ကြားရေးစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှု၊ ခွဲစိတ်ခန်း၊ ခွဲစိတ်ကုပညာဌာနနှင့် ဆေးရုံအဆောင် တိုးချဲ့ဆောက်လုပ်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းရီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၆ရက်နံနက် ၈နာရီခွဲတွင် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)၌ ပါမောက္ခချုပ် ဒေါက်တာစိုးနောင်နှင့် ပါမောက္ခ၊ ဌာနမှူးများအား တွေ့ဆုံရာ ပါမောက္ခချုပ်က အခြေခံကျန်းမာရေး တက္ကသိုလ် (မကွေး)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးက ကျေးလက်ဒေသနေပြည်သူများအား ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် အခြေခံအကျဆုံး အဓိကအားထားရသည့် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရန် ကြိုးပမ်းသင်ကြားပေးကြသည့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာများအား ကျေးဇူးတင်ပါကြောင်း၊ ဝန်ထမ်းများ၏ မိသားစုများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်ဆောင်ရွက် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ ကွင်းဆင်းလက်တွေ့သင်ကြားမှု အပိုင်းအားနည်းမှုမရှိစေရန် တာဝန်ရှိသူများအနေဖြင့် ကူညီပံ့ပိုးပေးရန်ဖြစ်ကြောင်း မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆေးတက္ကသိုလ်(မကွေး)

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ် (မကွေး)သို့ သွားရောက်ပြီး ပါမောက္ခချုပ် ဒေါက်တာသန်းမြင့်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က ဆေးတက္ကသိုလ် (မကွေး)၏ သင်ကြားရေးဆိုင်ရာနှင့် ဆောက်လုပ်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဆေးတက္ကသိုလ် စိမ်းလန်းစိုပြည်သာယာရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(မကွေး) သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးသည်။

ထိုမှ တစ်ဆင့်ဝန်ကြီးနှင့် အဖွဲ့သည် မကွေးတိုင်း အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်သိန်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များနှင့် တွေ့ဆုံရာ ဆေးရုံအုပ်ကြီးက ဝန်ထမ်းအင်အား၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှု အခြေအနေ၊ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု အခြေအနေများကို တင်ပြသည်။

ထို့နောက်ဝန်ကြီးက သူနာပြုများအနေဖြင့် အခြေခံလူနာစောင့်ရှောက်မှု လိုအပ်ချက်များ ဆောင်ရွက်ပေးရန်နှင့် နွေးထွေးစွာ ကြိုဆို၍ စေတနာဖြင့် ပြုစုကုသပေးရန်မှာ စာရေးချိတ်ဆွဲထားရုံမဟုတ်ဘဲ လက်တွေ့ကျကျ အကောင်အထည်ဖော်ပြီး လူနာများ အားကိုးအားထားပြုရသည့် ဆေးရုံကြီး ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နှစ်ထပ် စာသင်ဆောင်အသစ် ပြီးစီးမှု အခြေအနေနှင့် အဆောက်အအုံများ ဆောက်လုပ်ရန် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှ တစ်ဆင့် အောင်လံမြို့နယ် ပြလို့တိုက်နယ်ဆေးရုံသို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဥသျှစ်ပင်တိုက်နယ်ဆေးရုံနှင့် ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး နှစ်ထပ်လူနာဆောင် အဆောင် (၄)ရှိ ခွဲစိတ်ခန်း၊ လူနာကုဆောင်ခန်းများ ဖွဲ့စည်းတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကိုကိုက လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် ဝန်ကြီးသည် အရိုးခွဲစိတ် ထိခိုက်ဒဏ်ရာ လူနာကုသဆောင်၊ ရူပဗေဒဆေးကုဌာနရှိ စက်ကိရိယာပစ္စည်းများ အသုံးချဆောင်ရွက်မှု၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ မွေးကင်းစကလေးပြုစု ကုသဌာန၊ အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဌာနများ၊ ပြင်ပလူနာကုသခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဥသျှစ်ပင်တိုက်နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ပြုလုပ်သည့် (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်နေမှုကို ကြည့်ရှုစဉ်။ (ကျန်းမာရေး)

(၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင် ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ရောက်ရှိပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ကျောက်ကပ်အစားထိုး ခွဲစိတ်ရာတွင် ပါဝင်ကြမည့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများအား တွေ့ဆုံနှုတ်ဆက်သည်။ ဆက်လက်၍ ကျောက်ကပ်ပေးလှူမည့် မသီဂီချော (၂၇)နှစ်နှင့် ကျောက်ကပ်အစားထိုး လက်ခံမည့် ကိုကျော်မင်း (၂၉)နှစ်တို့အား တွေ့ဆုံအားပေးသည်။

ကြည့်ရှု

ထို့နောက် နံနက် ၉နာရီ ၂၅မိနစ်တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်မှုကို စတင်ရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အဖွဲ့သည် ကျောက်ကပ်အစားထိုးခွဲစိတ်နေမှု တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းကို ဆေးရုံခန်းမ၌ ကြည့်ရှုကြသည်။ မသီဂီချော ပေးလှူမည့် ကျောက်ကပ်ကို နံနက် ၁၀ နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ထုတ်ယူနိုင်သည်။

ပြီးစီး

ကျောက်ကပ်ဝေဒနာရှင် ကိုကျော်မင်းအား နံနက် ၁၀နာရီ ၁၅မိနစ်တွင် စတင်ခွဲစိတ်ပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု မွန်းလွဲ ၁နာရီတွင် အောင်မြင်စွာ ပြီးစီးသည်။

ယနေ့ပြုလုပ်သည့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုမှာ (၁၁)ကြိမ်မြောက် အစားထိုးခွဲစိတ်မှုဖြစ်ပြီး ကျောက်ကပ်အစားထိုးခွဲစိတ်မှုလုပ်ငန်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုး၊ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာသန်းအေး၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာတင်မြင့်တို့ ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးရုံ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာ

ယနေ့ခွဲစိတ်ပြီးသော ကျောက်ကပ်အလှူရှင် မသီဂီချောနှင့် ကျောက်ကပ်ဝေဒနာရှင်အစ်ကိုဖြစ်သူ ကိုကျော်မင်းတို့နှစ်ဦးစလုံး ကျန်းမာကြသည်။ (သတင်းစဉ်)

ဝါတွင်းကာလ တရားစခန်း

ရန်ကုန် ဇူလိုင် ၁၇

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် ဇူလိုင် ၂၃ရက်မှ ၂၉ရက်အထိ ကျင်းပမည့် ဝါတွင်းကာလ ခုနစ်ရက်တရားစခန်း၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက (ကညင်ကုန်း) ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ အရှင်သူမြတ်က ခန္ဓာပဋိစ္စသမုပ္ပါဒ် တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဇူလိုင်၂၂ရက် (သောကြာနေ့) ညနေအရောက် ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၅၆၆၆၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ညောင်ဦးမြို့အနီး ဗဟိုပြု၍ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၅ ခုနှစ် ဇူလိုင် ၁၇ရက် ယနေ့မြန်မာစံတော်ချိန် ၀၇နာရီ ၃၅မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၂၇၀ ခန့်ကွာဝေးသော ညောင်ဦးမြို့အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ကို ဗဟိုပြု၍ အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၅ ခုနှစ် ဇူလိုင် ၁၇ရက် ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီ ၄၅မိနစ် စက္ကန့် ၅၀အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၃၇၀ခန့် ကွာဝေးသော အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက် (ရှီလောင်းမြို့အနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ဝအဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်။ (သတင်းစဉ်)

✻ ကျောင်းဆောင်သစ်မှ

ယင်းနောက် အခမ်းအနားကို ကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဘန့်ဘွေးကုန်း၏ ကျောင်းဆောင်သစ်များ ဖွင့်လှစ်နိုင်ခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ယူမှု အခွင့်အလမ်းတစ်ရပ်ရရှိအောင် ဆောင်ရွက်နေခဲ့ခြင်းဖြစ်သည့်အပြင် အနာဂတ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် များစွာအထောက်အကူဖြစ်သဖြင့် မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်ကြောင်း။

အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းကို အဆင့်မြင့်သင်ကြားမှုများဖြင့် ပညာဉာဏ်ရည်မြင့်မား ထက်မြက်ပြည့်ဝနေသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများဖြင့် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က လူမှုရေးဦးတည်ချက်(၄)ရပ်တွင် ပါဝင်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ရည်မှန်းချက် အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရန်ကုန်တိုင်းအတွင်း အခြေခံပညာအဆင့် စာသင်ကျောင်းများ၌ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ခေတ်မီအဆင့်မြင့်ပညာရပ်များကို သင်ယူခွင့်ရရှိနေကြပြီဖြစ်ကြောင်း။

ယခင် မြေစိုက်၊ ဝါးထရံကာ ကျောင်းဆောင်များနေရာတွင် ယခုကဲ့သို့ ခံ့ညားထည်ဝါသည့် အဆောက်အအုံများ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ အထက်တန်းကျောင်း(ခွဲ)အဆင့်၏ အင်္ဂါရပ်များနှင့် ပြည့်စုံသည့် ကျောင်းကြီးတစ်ကျောင်း ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကျောင်းဆောင်သစ်ဖွင့်လှစ်နိုင်အောင် ကူညီပံ့ပိုးခဲ့ကြသည့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များအား ဂုဏ်ပြုပါကြောင်းနှင့် ကျောင်းဆောင်သစ်များ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်

ထို့နောက် ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီနာယက တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီးတင့်ဝေက ကျောင်းဆောင်သစ်များ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေကို ရှင်းလင်းတင်ပြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလွင်အောင်က ကျောင်းဆောင်သစ်များ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်များအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့က ငွေကျပ် တစ်သိန်းစီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀သိန်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနက ငွေကျပ် ၁၇၆၀၀၀၀၊ ဦးအောင်ထွေး မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဦးအောင်မိုးကျော်–ဒေါ်နန်းရွှေဝါဝင်း တို့က ငွေကျပ်ငါးသိန်း၊ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၃၆၉၀၀၀၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာနနှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်ဆန်းတို့က ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၅၀၀၉၀၀၀ ကို လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယနေ့ ဖွင့်လှစ်ခဲ့သည့် ကျောင်းဆောင်သစ်များသည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိသည့် စာသင်ခန်းနှစ်ခန်းပါရှိသော အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ တစ်ထပ်ကျောင်းဆောင်သစ်နှစ်ဆောင်နှင့် ပေ ၃၀ ပတ်လည်ရှိသည့် စာသင်ခန်းခြောက်ခန်းပါရှိသော အလျားပေ ၁၈၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ်တစ်ဆောင်တို့ဖြစ်ပြီး တစ်ထပ်အုတ်ညှပ်အဆောက်အအုံများ ဖြစ်ကြသည်။

ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမတည်ငွေ ကျပ်သိန်း ၁၂၀၊ အလှူရှင်နှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၅၀ တို့ဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၂၇၀အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အထွက်နှုန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် ကွမ်းခြံကုန်းစခန်း နယ်မြေ၊ မိုးစပါးပန်းတိုင်အထွက်နှုန်းအထူးဇုန်ဇေ ၅၀၀သို့ ရောက်ရှိပြီး တောင်သူဦးတင်ဝင်းနှင့် ဦးသန်းထွန်းဦးတို့၏ လယ်မြေများ၌ စပါးအထွက်နှုန်းကို စိုးမိုးသော အထွက်နှုန်းမိတ်ဖက်အချက်များကို စပါးပန်းတိုင် အထွက်နှုန်းရရှိရန် ကြိုတင်မျှော်မှန်းတွက်ချက်၍ ဆင်းသွယ်လတ်စပါးမျိုးကို ပေါင်ပျိုးစနစ်၊ ပျိုးသက်ငယ်ဖြင့် စိုက်ပျိုးနေမှု၊ ဆင်းသွယ်လတ်၊ ရွှေဘို(၁)စပါးမျိုးများကို ပေါင်ပျိုးစနစ်နှင့် ပျိုးထောင်ထားမှု၊ ပေါင်ပျိုးခင်းကို လက်သပ်ပျိုးနုတ်နေမှု၊ ရွှေဘို(၁)စပါးပျိုးကို ကောက်ကွက်အမျိုးမျိုး၊ လက်ဆအမျိုးမျိုး စမ်းသပ်ထားရှိမှု၊ စပါးအတန်းလိုက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စပါးပန်းတိုင် အထွက်နှုန်းရရှိအောင် ခေတ်မီ နည်းပညာများ ပူးပေါင်း၍ ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ငါးသားပေါက်များ ဝေငှ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အုန်းပင်စုကျေးရွာအနီး တောင်သူဦးလှသောင်း၏ လယ်မြေ၌ ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် စပါးခင်းများအတွင်းငါးများ ထည့်သွင်း မွေးမြူသည့် အခမ်းအနားသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် တောင်သူများအား ငါးသားပေါက်များ ဝေငှပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ တောင်သူများသည် ရွှေဝါငါးကြင်း၊ တီလားဗီးယား၊ ငါးခုံးမကြီးစသည့် ငါးကောင်ရေတစ်သိန်းကို စပါးခင်းများအတွင်း ထည့်သွင်း မွေးမြူပေးကြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဥပုံကျေးရွာအုပ်စုအနီးရှိ ကျွန်းချောင်း စံပြကွက်၊ စပါးတစ်နှစ်သုံးသီး ဒုတိယစပါးစိုက်ခင်းအတွင်း ရွှေမြန်မာစပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု အိုင်ကလောင်ကျေးရွာရှိ အိုင်ကလောင်တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းတို့က ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်တာဝန်ရှိသူများက အိုင်ကလောင်တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဆေးရုံအတွင်း လိုက်လံကြည့်ရှုကာ လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် တိုက်နယ်ဆေးရုံအဆောက်အအုံသစ်အား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆေးရုံခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဆေးရုံအဆောက်အအုံသစ် ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍမှာလည်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း၊ ဤတိုက်နယ်ဆေးရုံသို့ ပတ်ဝန်းကျင် ကျေးရွာများရှိ ပြည်သူများ လွယ်ကူစွာ ဆက်သွယ်နိုင်ရေးအတွက် ဆေးရုံနှင့် ဆက်စပ်လျက်ရှိသည့် လမ်းများကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆေးရုံသစ်ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်က ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆေးရုံအဆောက်အအုံသစ်ဖွင့်လှစ်နိုင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က တိုက်နယ်ဆေးရုံသစ် တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စေတနာရှင်အလှူရှင်များက အိုင်ကလောင်တိုက်နယ်ဆေးရုံအတွက် အလှူငွေများပေးအပ်ကြရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မိသားစုက ငွေကျပ် ၁၄၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ဇနီး ဒေါ်ခင်သက်ဌေးမိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ် ၅၀၀၀၀၀၀၊ ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)၊ ဒေါ်စိန်စိန် မိသားစုက ငွေကျပ် ၉၅၅၀၀၀၀၊ ဗိုလ်ချုပ်လှမြင့်ဆွေ (ငြိမ်း)ကငွေကျပ် ၁၀သိန်း၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ငွေ ၅၆၅၇၁၂၆ကျပ်၊ ဦးကျော်မြင့်(Golden Flower Company) က ငွေကျပ် ၄၇၅၀၀၀၀၊ တိုက်ကြီးမြို့နယ် ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းငွေကျပ် ၂၆၀၀၀၀၀၊ မေတ္တာဝါဒီဆရာတော်က ငွေကျပ်ငါးသိန်းနှင့် ဦးမြင့်သိန်း–ဒေါ်ခင်ခင်လှိုင် မိသားစုက ငွေကျပ် ၄၀၀၀၀၀၀ အပါအဝင် အလှူငွေစုစုပေါင်း ၃၂၇၇၇၁၂၆ကျပ်နှင့် ရေစင် ရေစက်အတွက် ငွေကျပ်သိန်း ၄၀ စုစုပေါင်းငွေကျပ် ၃၆၇၇၇၁၂၆ ကျပ်ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က တိုက်နယ်ဆေးရုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက်ဒေသခံပြည်သူများကိုယ်စား အိုင်ကလောင်ကျေးရွာမှ ဦးခင်တင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် တိုက်ကြီးမြို့နယ် အိုင်ကလောင်တိုက်နယ်ဆေးရုံသည် အလျားပေ ၁၂၀၊ အနံပေ ၉၀ရှိသည့် ၁၆ခုတင်ဆံ့ သွပ်မိုး တစ်ထပ်အုတ်အဆောက်အအုံဖြစ်သည်။ အဆိုပါဆေးရုံအတွင်း၌ ဆေးကုသဆောင်နှစ်ခန်း၊ အထူးကြပ်မတ်ကုသဆောင်တစ်ခန်း၊ ဆေးသိုလှောင်ခန်းတစ်ခန်း၊ သားဖွားခန်းတစ်ခန်း၊ ခွဲစိတ်ခန်းတစ်ခန်း၊ ပြင်ပလူနာခန်းတစ်ခန်းနှင့် ရုံးခန်းတစ်ခန်း ပါရှိသည်။

ဆေးရုံအတွင်း မြင်းကောင်ရေ ၁၀အားရှိ မီးစက်တစ်လုံးတပ်ဆင်ထားရှိပြီး အဝီစိတွင်းနှစ်တွင်းနှင့် ရေဂါလန် ၄၀၀၀ဆံ့ရေစင်တစ်ခုတည်ဆောက်ထားရှိသည်။ တိုက်နယ်ဆေးရုံအဆောက်အအုံသစ်ကြီးကို စုစုပေါင်း ငွေကျပ်သိန်း ၃၃၀ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

လယ်သမားများ အရန်ရိက္ခာ
စပါးခင်းမှာ ငါးမွေးပါ

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ် မြို့နယ်အတွင်းရှိ ကျောင်းထိုင်ဆရာတော်အပါး ၇၀အား စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်က အောင်မြေဗိမာန်စာသင်တိုက်ကျောင်းတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ဇနီး ဒေါ်နန်းရွှေယဉ် မိသားစုတို့က အောင်မြေဗိမာန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မိသာရထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၂)

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းတော်ကြီးဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ သမီး မမော်မော်လွင်အားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် သစ္စာလမ်းနေ ဦးလှ–ဒေါ်တင်အေးမိသားစုက အလှူငွေကျပ် ၁၂၀၀၀၀ကို ဇူလိုင် ၇ရက်က ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

ငါးထပ်ကြီးဘုရား ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ်ဆရာတော်ဘဒ္ဒန္တဝါယမ (သာသနဓဇ ဓမ္မာစရိယ) ဒီဃဘာဏက ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်မြတ်သည် ဗဟန်းမြို့နယ် မဟာသကျ အတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းတော်ကြီး အတွင်း၌ ၁၃၆၇ ခုနှစ် ဝါဆိုလပြည့် ဥပုသ်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၇–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅:၅၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၁၀ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း–၅)**
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း–၅)**
- ၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း–၃၅)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဝန်ကြီးများရုံး ဗုဒ္ဓဘာသာအသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီးများရုံး ဒုလ္လဘရဟန်းခံပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ဝန်ကြီးများရုံး ဗုဒ္ဓဘာသာအသင်းက ကြီးမှူး၍(၅၂) ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲနှင့်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဝန်ကြီးများရုံး ဗုဒ္ဓဘာသာဓမ္မာရုံ၌ ကျင်းပရာ ဝန်ကြီးများရုံး ဗုဒ္ဓဘာသာအသင်း နာယကများဖြစ်ကြသော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးများဖြစ်ကြသည့် ဦးသန်းရွှေနှင့် ဗိုလ်မှူးချုပ်ပြည့်စုံ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဗုဒ္ဓဘာသာအသင်းအမှုဆောင်များ၊ အသင်းသားအသင်းသူများက ရှစ်မိုင် တေဇစက္ကီကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မိကဝရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးများ၊ဒုတိယဝန်ကြီးများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ပြီး ရှစ်မိုင်တေဇစက္ကီကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မိကဝရက အနုမောဒနာတရား ချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။ ယင်းနောက် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သာသနာ့ဘောင်

ထို့ပြင် ယမန်နေ့က ဝန်ကြီးများရုံးအတွင်းရှိ ဌာနများမှ အမျိုးသားဝန်ထမ်းကိုးဦးတို့သည် တေဇစက္ကီကမ္မဋ္ဌာန်းကျောင်း ဆရာတော်အားဥပဇ္ဈာယ်ပြု၍ ဒုလ္လဘရဟန်းအဖြစ် သာသနာ့ဘောင်သို့ တက်ရောက်ကြပြီး အမျိုးသမီးဝန်ထမ်းခုနစ်ဦးတို့သည် မဟာစည်သာသနာ့ရိပ်သာ၌ ယောဂီများ အဖြစ်ခံယူကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်က ဆိပ်ကမ်းမြို့နယ်ရှိ ဆန်စပါး ကုန်စည်ဒိုင်၌ ကျင်းပရာ သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အသင်းသူ၊ အသင်းသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(ကုန်သည်/စက်မှု)



ကွန်ကာကက်ဖ်ရွှေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် စတင်ကျင်းပ

ဖောက်စ်ဘော်ရို (မတ်ဆာချူးဆက်) ဇူလိုင် ၁၆

ကွန်ကာကက်ဖ်ရွှေဖလားဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲအဖြစ် ဟွန်ဒူးရပ်စ်အသင်းနှင့် ကော်စတာရီကာအသင်းတို့ စနေနေ့ကယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဟွန်ဒူးရပ်စ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အမေရိကန်နိုင်ငံ မတ်ဆာချူးဆက်ပြည်နယ် ဖောက်စ်ဘော်ရိုမြို့တွင် ကျင်းပသည့် ပထမ ကွာတားဖိုင်နယ်ပွဲတွင် ဟွန်ဒူးရပ်စ်အသင်းက ပထမပိုင်းမှာပင် သုံးဂိုးစလုံးကို သွင်းယူနိုင်ခဲ့သည်။

ပွဲစပြီး ခြောက်မိနစ်အကြာမှာပင် ဝီလ်မာ ဗီလက်စ်ကွီးက ၁၂ မီတာအကွာမှနေ၍ အပြင်းကန်သွင်းခဲ့ရာ ဖွင့်ဆော်ဦးဂိုးရရှိသည်။

ပွဲချိန် ၂၇မိနစ်တွင် ဟွန်ဒူးရပ်စ်အသင်းမှ ဗီလက်စ်ကွီးက ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို အယ်လ်ဗစ်တာစီယိုက ကန်သွင်းခဲ့ရာ ဂိုးဝင်သွားခဲ့သည်။

ဟွန်ဒူးရပ်စ်အသင်းအတွက် တတိယမြောက်ဂိုးကို နောက်နှစ်မိနစ်အကြာတွင် ဆက်တိုက်သွင်းယူခဲ့သည်။

ကော်စတာရီကာအသင်းသည် သုံးဂိုးအသွင်းခံခဲ့ရပြီးနောက် ကစားအားသွက်လာပြီး ဂိုးသွင်းခွင့်ရရှိရန် ဖိကစားလာခဲ့သည်။

ပွဲချိန် ၃၉မိနစ်တွင် ကော်စတာရီကာအသင်းအတွက် ချေပဂိုးကို လူစားထိုးဝင်ရောက်လာသူ ခရစ္စတီယန်က သွင်းယူခဲ့ပြီး ပွဲချိန် ၈၁မိနစ်တွင် ဘရိုင်ယန်ရုဇ်က နောက်ထပ် ချေပဂိုးတစ်လုံးကို သွင်းယူနိုင်ခဲ့သည်။

အမေရိကန်-ဂျမေကာ

စနေနေ့မှာပင် ကျင်းပခဲ့သည့် ဒုတိယမြောက် ကွာတားဖိုင်နယ်ပွဲတွင် အမေရိကန်အသင်းက ဂျမေကာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ခြောက်မိနစ်တွင် ဂျိုးဝုဖ်က အမေရိကန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၄၂ မိနစ်တွင် အမေရိကန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ကွင်းလယ်ကစားသမား ဒါမာဘပ်စ်ဘီစလေကသွင်းယူခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် ဘီစလေကပင် ထပ်မံဂိုးသွင်းနိုင်ခဲ့သည်။

ဂျမေကာအသင်းအတွက် နှစ်သိမ့်ဂိုးတစ်လုံးကို ပွဲချိန် ၈၈ မိနစ်တွင် ရီကာဒိုဖူလာက သွင်းယူခဲ့သည်။

တနင်္ဂနွေနေ့ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ မက္ကဆီကိုအသင်းနှင့် ကိုလံဘီယာအသင်း၊ ပနားမားအသင်းနှင့် တောင်အာဖရိကအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အမေရိကန်အသင်းသည် အကြိုဗိုလ်လုပွဲတွင် ဟွန်ဒူးရပ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆင်ဟွာ။



ဟွန်ဒူးရပ်စ်အသင်းမှ မာရီယိုအီဗန်ဂွါရီရို(ယာ)ထံမှ ဘောလုံးရရှိရန် ကော်စတာရီကာအသင်းမှ အော်စကာရီးဂျက်စ်က နောက်မှထက်ကြပ်မကွာလိုက်ပါလာသည်ကိုတွေ့ရစဉ်။ (ဝဲ) (ဓာတ်ပုံ-အင်တာနက်)

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်) အဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူးကျင်းပသည့် အဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့၏ ဩဝါဒါစရိယ မဟာသံ့ဃာရ ဆရာတော် ဘဒ္ဒန္တ ကုမာရအား ဂုဏ်ပြုပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ ညောင်ပင်သာ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကြွရောက်တော်မူလာကြသော ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်) နာယကများ၊ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မဟာသံ့ဃာရဆရာတော် ဘဒ္ဒန္တကုမာရ၏ ထေရုပ္ပတ္တိအကျဉ်းကို ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်) အမှုဆောင် ဒေါ်ခင်ဝါဆွေက ဖတ်ကြားလျှောက်ထားပြီး ဂုဏ်ပြုပူဇော်ပွဲအတွက် အလှူငွေကျပ် ၅၄၀၀၀ကို အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးတို့က ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း ဘုရားဖြူကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းဆောင်သစ်အတွက် ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဆည်ရွာ ပုန်းရည်ကြီးလုပ်ငန်းရှင် ဦးအောင်သန်း-ဒေါ်အင်စန်းမိသားစုက ငွေကျပ် ၆၈၂၀၀၀ကို နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာနိုင်ငံသို့ အိန္ဒိယက ဒီဇယ်တင်ပို့ရန်ရှိ၊ မြန်မာဒီဗီဒီဇာတ်ကားတစ်ကား ဟောလိဝုဒ်သို့သွားမည်၊ အာဆီယံနိုင်ငံများ အချိန်နာရီတစ်ခုတည်း သတ်မှတ်ရန်စီစဉ်နေ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားများကို ကိုရီးယားဟွန်ဒိုင်းကုမ္ပဏီက စာချုပ်ချုပ်ဆိုခေါ်ယူ၊ အပတ်စဉ် MRTV 4 မှ ထုတ်လွှင့်သည့် 5 Movies နိုင်ငံခြားဇာတ်ကားအစီအစဉ်များစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဆေးကျသည့်နိုင်ငံခြားလုပ်သားများ နေရပ်ချက်ချင်းပြန်ပို့မည်ဟု မလေးရှားကဆို၊ တရုတ်နိုင်ငံ မဟာတံတိုင်းကို ယူအက်စ်စကိတ်ဘုတ်ချန်ပီယံ ခုန်ကျော်ပြ၊ ရုပ်သံနှင့် အင်တာနက်ပေါင်းစည်းပေးသည့် တယ်လီဖုန်းနည်းပညာပေါ်ထွန်း၊ လန်ဒန်မြို့သူမြို့သားများ ပုံမှန်လုပ်ငန်းခွင်သို့ ပြန်ဝင်ကြရန် ရဲအဖွဲ့ကန့်ကွက်ဆော်စသည့် နိုင်ငံတကာမျက်မှောက် သတင်းထူး သတင်းဦးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

မဟာစည်ယောဂီ စောင့်ရှောက်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇူလိုင် ၁၇

မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၂၄ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ မဟာကုသလကာရီ ဓမ္မသာလာဆောင်တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူများ တက်ရောက်ကြပါရန်နှင့် အကြံဉာဏ်များ တင်သွင်းလိုပါလျှင် အဖွဲ့အတွင်းရေးမှူးထံ ဇူလိုင် ၁၈ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာရှင်ကြီးများ ဂီတအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့် ပညာရှင်ကြီးများမှ ဂီတအကြောင်း သိကောင်းစရာများ ဟောပြောပွဲနှင့် ဖျော်ဖြေတင်ဆက်မှု အခမ်းအနားကို ဇူလိုင် ၁၀ရက် မွန်းလွဲ ၁နာရီက မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ရာမညခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုအဆင့်ဂီတ ပညာရှင်ကြီးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ဆက်

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြက အဆိုအကြောင်း သိကောင်းစရာများကို ဟောပြောပြီး "တောင်တန်းပြာနှင့်ကျောပိုးအိတ်" တေးသီချင်းကိုလည်းကောင်း၊ အကဘာသာရပ်ဆိုင်ရာများကို အနုပညာဦးစီးဌာနမှ အကနည်းပြဆရာမ ဒေါ်မြင့်မြင့်ဌေးနှင့် ဒေါ်တင်တင်ဦးတို့က ရှင်းလင်းကပြဖျော်ဖြေမှုများဖြင့် လည်းကောင်း ရှင်းလင်းတင်ဆက်ကြသည်။

တီးခတ်ပြသ

ဆက်လက်၍ ဗဟိုအဆင့် ဂီတစာဆို ဦးမောင်မောင်လတ်က အရေးဘာသာရပ်ဆိုင်ရာများကို လည်းကောင်း၊ ဗဟိုအဆင့် အတီးပညာရှင် စောင်းဦးသိန်းဟန်က စောင်းပညာအကြောင်းကို လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးစိန်ဝင်းက အတီး ဘာသာရပ်ဆိုင်ရာများကို လည်းကောင်း ဟောပြောတီးခတ် ပြသကြသည်။

ထို့နောက် ဂီတစာဆို ဦးမောင်မောင်လတ် သီကုံးရေးသားသော "အနုပညာအားမာန်" သီချင်းကို ဗဟိုအဆင့် ပညာရှင်ကြီးများနှင့် မွန်ပြည်နယ် မျိုးဆက်သစ် အနုပညာရှင်များက သီဆိုဂုဏ်ပြု ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီးတို့က ဗဟိုအဆင့် ပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ယာပုံ)** (သတင်းစဉ်)

ဇူလိုင် ၁ရက်က ကွယ်လွန်သူဖခင်ကြီးဦးဘသော် အားရည်စူး၍ အမှတ်(၅၀) ဆီဆုံလမ်း စမ်းချောင်းမြို့နယ်နေ ဦးဝင်းထိန်-ဒေါ်ကျော့ကျော့တင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၇

မော်လမြိုင်မြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၈၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှိ မော်လမြိုင်ဇမ္ဗူရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးမြင့်ရွှေ(ငြိမ်း) ဖုန်း- ၀၉၅၁၀၁၈၀၂၊ ဒေါ်ခင်နွယ် ဖုန်း- ၆၅၀၀၉၁ နှင့် အသင်းရုံး ဖုန်း- ၂၅၆၁၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မဇ္ဈိမဂုဏ်ရည် ဝါဆိုသင်္ကန်းကပ်ပွဲနှင့် ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၁၇

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာတွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဒေါက်တာအရှင်ကောဝိဒနှင့်သံဃာတော်များ၊ ပင့်သံဃာမထေရ်မြတ်များအား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် ယောဂီများစုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝါတွင်းကာလ အပတ်စဉ်ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၇နာရီမှ ညနေ ၅နာရီအထိ မဇ္ဈိမဂုဏ်ရည် ဆရာတော်နှင့် ဆရာတော်ကြီးများက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း မဟာသတိပဋ္ဌာန်တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ ရက်စခန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ကောက်လျှင်လမ်းထိပ်ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၄၈) ဓမ္မရိပ်သာကြီးတွင် (၉၆)ကြိမ်မြောက် ၁၀ ရက်တရားစခန်းပွဲကို ဇူလိုင် ၂၆ရက်မှ ဩဂုတ် ၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ကမ္မဋ္ဌာနာစရိယ ရွှေနံ့သာ အရှင်ဉာဏောဘာသ(ဓမ္မာစရိယ)အရှင်မြတ်နှင့် ဆရာဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဇူလိုင် ၈ ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)မှ မြောင်းမြခရိုင်အတွင်းရှိ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ၊ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက မသန်စွမ်းစစ်မှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသော အားဖြင့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ စုပေါင်းပေးအပ်ပွဲကို ဇူလိုင် ၁၃ရက်တွင် မုဒုံမြို့နယ် သမဝါယမအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်တိတ်က ဂုဏ်ပြုအမှာစကားပြောကြား၍ အခြေခံသမဝါယမအသင်းများကိုယ်စား မုဒုံအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမင်းစိန်ထွန်းက ကုန်သွယ်လုပ်ငန်းခွန်များနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘချစ်က ဝင်ငွေခွန်တို့ကို ပေးအပ်ကြရာ မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးတင့်က လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြားသည်။ **(အောက်ပုံ)** (သတင်းစဉ်)



ဘီလူးဟာသဇာတ်ကားရုံတင်မည် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် ဇူလိုင် ၁၇

မြို့လယ် မြို့ပတ်ရုပ်ရှင်ရုံများတွင် ပြသဆဲ ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ပြသနေသည်။

အပြင်းစားရိုက်ချက်

ဒါရိုက်တာမိုက်တီး ရိုက်ကူးပြီး လွင်မိုး၊ တင့်တင့်ထွန်း၊ ထွန်းထွန်းနိုင်၊ မိုးဒီ၊ ခင်လှိုင်၊ ကင်းကောင်၊ ပိုးဖြူ၊ ဧရာတို့ ပါဝင်ထားကြသည့် **အပြင်းစားရိုက်ချက်**ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။

ဒါရိုက်တာဖြစ်လိုစိတ် ပြင်းပြသူတစ်ဦး၏ အလွဲလွဲအချော်ချော်ဖြစ်ရပ်များကို ဟာသရောစွက်၍ ရိုက်ကူးထားသည့်ဇာတ်ကားတစ်ကားဖြစ်ပြီး ဟာသသရုပ်ဆောင်များ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ကြသည်။

ချစ်ခြင်းငယ်ပြိုင်

ဒါရိုက်တာကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ ရိုက်ကူးသည့် **ချစ်ခြင်းငယ်ပြိုင်**ဇာတ်ကားမှာလည်း ဝဇီရာရုံနှင့် ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည်။ ၎င်းဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာ၊ ရွှေသွေးနှင့် ဂျပန်သရုပ်ဆောင်များ တွဲဖက်ပါဝင်ထားကြပြီး မိဘမေတ္တာကို ဖော်ကျူးရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်ကာ မြန်မာနှင့်ဂျပန်နိုင်ငံတို့တွင် ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ဒါရိုက်တာ Lee Tamahori ရိုက်ကူးပြီး လူမည်းသရုပ်ဆောင် Ice Cube ပါဝင်သည့် X.X.X-2ဇာတ်ကား ဆက်လက်ပြသနေသည်။ အကြမ်းဖက်နှိမ်နင်းရေး ဇာတ်ကြမ်းကားဖြစ်သည်။

စတားလုံးပါဝင်

ရွှေဂုံရုံအပေါ်ထပ်တွင် နာမည်ကြီးသရုပ်ဆောင် စတားလုံးပါဝင်သည့် Cliff Hanger ဇာတ်ကားပြသနေသည်။

မြို့မရုပ်ရှင်ရုံတွင် Khanjar အိန္ဒိယဇာတ်ကားနှင့် ဘုရင်ရုံတွင် Fida အိန္ဒိယဇာတ်ကား ပြသနေသည်။

ဘီလူးဇာတ်ကား

အောင်ကျော်ဇေရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာမီးပွားရိုက်ကူးသည့် **ဘီလူး**ဇာတ်ကားမှာ မကြာမီ ရုံတင်ပြသတော့မည်ဖြစ်သည်။

ဇေလုဝ၊ ဇာဂနာ၊ သျှားညို၊ အောင်လွင်၊ ကင်းကောင်၊ ဧရာ၊ ဆိုနီ၊ မိုးကျော်၊ ငြိမ်းချမ်း၊ ကောင်းကျော်၊ ထက်ထက်၊ ဝိုင်းချစ်၊ စိန်ရိုး၊ တိမ်ညွန့်၊ ပေါ်လေး၊ ဓာတ်လင်း၊ ဂေါ်ဇီလာတို့ ပါဝင်ကြပြီး ဟာသ အသားပေး ဇာတ်မြူးကားဖြစ်သည်။ (ကြေးမုံ)

"ဘီလူး"ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

"အပြင်းစားရိုက်ချက်" ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မိမိဒေသ ဖွံ့ဖြိုးရေးအတွက် အသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်
လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို
ရေး၊ ခါဇာနှင့် မုဒုံတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ရေးတပ်နယ်မှ ဗိုလ်မှူးကြီးချိုထွန်းအောင်တို့လိုက်ပါ၍ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီတွင် ခါဇာမြို့တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခါဇာတိုက်နယ်ဆေးရုံအတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်ရာ တိုက်နယ်ဆရာဝန် ဒေါက်တာထွန်းထွန်းစိုးက လက်ခံရယူသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆေးရုံလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးပေးခန်းနှင့် ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခါဇာမြို့ မြို့နယ်ရုံးသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က လက်ခံရယူသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခါဇာမြို့ ရုံးအဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

ကြေးမုံ
The Mirror

ခေါင်းကြီး ဆောင်းပါး အညွှန်း

✻ *နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် နယ်မြေ အေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးကောင်းမွန်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးသည် အဓိက လိုအပ်ချက်ဖြစ်သည်။*

ခေါင်းကြီး (စာ-၂)

✻ *စေတနာ သန်ကြသော ဒါယကာ၊ ဒါယိကာမများက ထေရ် ရဟန်းများကို ဝါဆိုနိုင်ရန် ရည်သန်လျက် သင်္ကန်းပရိက္ခရာများ ဆက်ကပ်လှူဒါန်းကြသည်။*

ယုဝတီရွှေဝါစိန်၏
"ရာသီကရကဌ် လမြတ်ဝါဆို"

ဆောင်းပါး (စာ-၆)

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ရေးမြို့နယ် ကျောင်းရွာတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ
တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဘန့်ဘွေးကုန်း ကျောင်းဆောင်သစ်များ ဖွင့်ပွဲ၊ အလှူငွေပေးအပ်ပွဲ အခမ်းအနားနှင့် အိုင်ကလောင်တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဘန့်ဘွေးကုန်းကျောင်းဆောင်သစ်များဖွင့်ပွဲ အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ အစီအစဉ်အရ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီ နာယက တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလွင်အောင်တို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်များကို လှည့်လည်ကြည့်ရှုကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တိုက်ကြီးမြို့နယ် ကွမ်းခြံကုန်းစခန်းနယ်မြေ မိုးစပါးပန်းတိုင် အထွက်နှုန်း အထူးဇုန် ဧက ၅၀၀အတွင်း ပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရကတ)